★ အများပြည်သူ သဘောမတူတဲ့ အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ

# ရွှေခမောက်

## သတင်းစဉ်

အမှတ်စဉ် ၆၇/၂၀၀၇

၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ (၁၁)ရက်။



ဒီလမ်းဟာ အန္တရာယ်တွေ များတယ်။ ဒုက္ခတွေများတယ်။ ဒီ ဒုက္ခတွေ၊ အန္တရာယ်တွေကို ရင်ဆိုင်နိုင်အောင်လို့ ကိုယ်က ရဲစွမ်းသတ္တိရှိရမယ်။ ရဲစွမ်းသတ္တိဆိုတာ ကြောက်စိတ်မရှိတာကို ပြောတာမဟုတ်ဘူး။ သတ္တိအစစ်အမှန် ဆိုတာ ကြောက်လျက်နဲ့ မှန်တာကို လုပ်ရဲတာ သတ္တိအစစ်အမှန်ပဲ။ ဒီခေတ်မှာဆိုလိုရှိရင် မှန်တာလုပ်တဲ့သူတွေ အများကြီးအချုပ်အနှောင် ခံရတယ်။ အများကြီး ဒုက္ခအပေးခံရတယ်။ ဒါပေမယ့်လည်း မှန်တာမို့လို့ဆိုပြီးတော့ လုပ်ရဲတဲ့ သတ္တိရှိရမယ်။

**ဒေါ်အောင်ဆန်းစုကြည်**
**နောက်ဆုံးအထိန်းသိမ်းခံထားရတာ ယခုဆိုရင်**
**(၄)နှစ်(၇)လနဲ့(၁၁)ရက်ရှိသွားပါပြီ။**

ရွာဝတီတိုင်းခရီးစဉ်အတွင်း ၁၉၈၉ခုနှစ်၊ ဇန္နဝါရီ ၁၆ရက်နေ့
မြောင်းမြမြို့ လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီရုံး၌
လူငယ်များနှင့်တွေ့ဆုံစဉ် ပြောကြားသောမိန့်ခွန်းမှ)

## ယနေ့ သတင်းများ


၁။ကုလသမဂ္ဂနှင့်ပူးပေါင်းဆောင်ရွက်ရန် နအဖကို MDCအဖွဲ့ဝင်များတောင်းဆို
၂။ [၈၇] နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ထုတ်ပြန်ကြေညာချက်
၃။ မဂ္ဂင်ကျောင်းတိုက်မှ အရှင်ဃောသိတက ရွှေဝါရောင်တော်လှန်ရေး မရပ်သေးဟု မိန့်ကြား
၄။ ဦးဂမ္ဘီရ မိသားစုနှင့် တွေ့ခွင့်ရ
၅။ အန်အယ်လ်ဒီ ပြောခွင့်ရှ ဦးမြင့်သိန်း ခွဲစိတ်ကုသ ခံရမည်။
၆။ လွှတ်ပေးသူများထဲ နိုင်ငံရေးအကျဉ်းသားအနည်းငယ်ပါဝင်
၇။ အနေကြာချင်သည့် စစ်အစိုးရ နေကြာအဓမ္မစိုက်ခင်း
၈။ မြန်မာ ပြည်သူများအနေဖြင့် မိမိအခွင့်အရေး မိမိရအောင် လုပ်ရမည်ဟု ၈၈ မျိုးဆက်ကျောင်းသားအဖွဲ့ ပြော
၉။ ငါးမင်းဆွေစာအုပ် တရားမဝင်ထွက်နေ
၁၀။ အိုးအိမ်နှင့် မြေယာပိုင်ဆိုင်မှုအခွင့်အရေးများ စစ်အစိုးရချိုးဖောက်
၁၁။ နှစ်ဆန်းတရက်နေ့ ဝန်ထမ်းသပိတ်ဆင်နွဲမည်ဟု ပြည်တွင်းအဖွဲ့ကပြော
၁၂။ ဖွဲ့စည်းပုံ ဥပဒေအသစ်ရေးဆွဲရေးအတိုက်အခံများပါဝင်ပြု၍ မြန်မာစစ်အစိုးရအား အမေရိကန်အပြစ်တင်
၁၃။ တွေ့ဆုံဆွေးနွေးရေးအတွက် ဖွဲ့စည်းပုံရေးဆွဲမှု ရပ်ဆိုင်းရန်လိုအပ်ဟု အတိုက်အခံများပြော
၁၄။ မဂ္ဂင်ဆရာတော်ကို တောင်တွင်းကြီး၊ မြို့သစ်ပို့လိုက်
၁၅။ သံဃာမဟာနာယကအဖွဲ့ဟာ အဂတိတရားလေးပါးကို ကျူးလွန်နေတယ်လို့ ရဟန်းပျိုများသမဂ္ဂအဖွဲ့ စွပ်စွဲ
၁၆။ ဒေါ်အောင်ဆန်းစုကြည် အိမ်ရှေ့တွင် အဝေယာဟောန္တရဆိုတဲ့စာတမ်း ချိတ်ဆွဲထား
၁၇။ ဆန္ဒပြပွဲ၌ ရိုက်သတ်ခံခဲ့သူ၏ မိဘများကို နအဖအာဏာပိုင်များတရာစွဲ
၁၈။ မြန်မာပြည်လူ့အခွင့်အရေးအတွက် ပြည်သူအားလုံးကြိုးပမ်းရန် တိုက်တွန်း
၁၉။ မြန်မာစစ်အစိုးရကို သည်းခံနိုင်စွမ်းကုန်ခမ်းလာပြီဟု ကုလသမဂ္ဂ အကြီးအကဲကပြောကြား
၂၀။ နှစ်ရှည်ထောင်ကျ ရှမ်းခေါင်းဆောင်များ ကျန်းမာရေး အခြေအနေဆိုးရွားနေ
၂၁။ နအဖတပ်များနှင့် တိုင်းရင်းသားအဖွဲ့များ တိုက်ပွဲဖြစ်နေ တိုင်းရင်းသားများထွက်ပြေးနေရချိန်


## ကုလသမဂ္ဂနှင့်ပူးပေါင်းဆောင်ရွက်ရန် နအဖကို MDC အဖွဲ့ဝင်များတောင်းဆို

**ဒီဗွီဘီ**

**၁၀၊ ဒီဇင်ဘာလ၊ ၂၀၀၇**

**မောင်တူး**

မြန်မာစစ်အစိုးရဟာ ကမ္ဘာ့ကုသမဂ္ဂအဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်ပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့တကွ နိုင်ငံရေးအကျဉ်းသားအားလုံးကို အမြန်လွှတ်ပေးဖို့ DMC (မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလိုလားသူများအဖွဲ့)က တောင်းဆိုလိုက်ပါတယ်။

ဒီနေ့ လူ့အခွင့်အရေးနေ့မှာ ထုတ်ပြန်တဲ့ MDC ကြေညာချက်မှာ ဒီလိုတောင်းဆိုတာဖြစ်ပါတယ်။

ကြေညာချက် အနှစ်ချုပ်ကို DMCအဖွဲ့ဝင် ကိုအောင်ကြီးက ဖတ်ကြားပြပါတယ်။

"ကျွန်ုပ်တို့မြန်မာပြည်သူလူထု၏ လူ့အခွင့်အရေးများအပြည့်အဝရရှိရေးကို ဖော်ဆောင်သည့် အနေဖြင့် ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ နိုင်ငံရေးအကျဉ်းသားများ၊ ၈၈မျိုးဆက်ကျောင်းသားများ၊ ကိုထင်ကျော်နှင့်တကွ ကုန်စျေးနှုန်း ကျဆင်း ရေး ဆန္ဒပြသူများ၊ စက်တင်ဘာအရေးအခင်းတွင် ဖမ်းဆီးချုပ်နှောင်ထားကြသော ရဟန်းရှင်လူ ပြည်သူများအား အမြန်ဆုံးလွှတ်ပေးရေး၊ ကမ္ဘာ့ကုလ သမဂ္ဂနှင့် ပူးပါဝင်ဆောင်ရွက်ပြီး တွေ့ဆုံဆွေးနွေးရေးနှင့်တကွ ဒီမိုကရေစီရရှိရေးကို အမြန်ဆုံးပြု လုပ်ပေးပါရန် နှိုးဆော်လိုက်သည်။" ■

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)
NATIONAL LEAGUE FOR DEMOCRACY (Liberated Area)

## (၈၇) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ထုတ်ပြန်ကြေညာချက်

ယနေ့ ၁၃၆၉ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်၊ ၂၀၀၇ခုနှစ်၊ ဒီဇင်ဘာလ (၄) ရက်နေ့သည် မြန်မာ နိုင်ငံ၏ (၈၇) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ကြီးဖြစ်ပေသည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံသည် အင်္ဂလိပ် ကိုလိုနီလက်အောက်သို့ ကျရောက်ခဲ့ရပြီး၊ ကျွန်ပြုခြင်းကိုခံခဲ့ကြရသည်။ ထိုစဉ်ကပင် မြန်မာပြည်သူပြည်သားများသည် မျိုးချစ်စိတ် တိုင်းပြည်ချစ်စိတ်ဖြင့် ရသည့်နည်းလမ်းများကို အသုံးပြု၍ လွတ်လပ်ရေး အတွက် အမျိုးသားရေး တိုက်ပွဲများကို ဖေါ်ဆောင်ခဲ့ကြသည်။

ထိုသို့ဖြင့် ၁၉၂၀ ခုနှစ်တွင် ဗြိတိသျှကိုလိုနီနယ်ချဲ့တို့မှ ကျွန်ပညာရေးစနစ်ဖြင့် ဖိနှိပ်ကန့်သတ်လာမှုကို ခေါင်းငုံမခံဘဲ ကျောင်းသားများဦးဆောင်၍ တွန်းလှန် တိုက်ပွဲဝင်နိုင်ခဲ့သည်။ တပြည်လုံးအတိုင်းအတာဆောင်သည့် အမျိုးသားကျောင်းများကို တည်ထောင်နိုင်ခဲ့ကြပြီး၊ ကျောင်းသားသမဂ္ဂများကိုလည်း ဖွဲ့စည်းနိုင်ခဲ့ကြသည့် အတွက် အသိအမှတ်ပြု ဂုဏ်ပြုကြသည့် နေ့ထူးနေ့မြတ်ကြီးလည်းဖြစ်ပေသည်။ အမျိုးသားအောင်ပွဲနေ့သည် မြန်မာနိုင်ငံ လွတ်လပ်ရေးသမိုင်းဦး အောင်ပွဲတခုလည်းဖြစ်ပေသည်။

၁၉၂၀ ပြည့်နှစ်ကစခဲ့တဲ့ ကျောင်းသားများရဲ့တိုက်ပွဲမှတဆင့်

- ကျောင်းသားလှုပ်ရှားမှုများ ဆက်တိုက်ပေါ်ပေါက်ခဲ့ပြီး လူထုကြီးနှင့် ပေါင်းစပ်ကာ အမျိုးသားရေးတိုက်ပွဲများကိုဖေါ်ဆောင်နိုင်ခဲ့သည်။
- ကျောင်းသားခေါင်းဆောင်များမှတဆင့် လွတ်လပ်ရေးတိုက်ပွဲဝင် ခေါင်းဆောင်များကို မွေးထုတ်ပေးနိုင်ခဲ့သည်။
- လွတ်လပ်ရေးတိုက်ပွဲဝင်နိုင်ရန် အင်အားစုများ၊ အစုအဖွဲ့များကို ဖေါ်ထုတ်နိုင်ခဲ့ပြီး နောက်ပိုင်းတွင် ၎င်းတို့၏ အင်အားစုများ စုစည်းညီညွတ်မှုဖြင့် လွတ်လပ်ရေးကြီးကို အရယူပေးနိုင်ခဲ့သည်။

ဤကဲ့သို့သော သမိုင်းတွင် ဂုဏ်ပြုမှတ်တမ်းတင်ရမည့် ကျွန်ုပ်တို့၏ ခေါင်းဆောင်များ၏ ကိုယ်ကျိုးစွန့် အနစ်နာခံ ဆောင်ရွက်မှုများကို ယနေ့အခါသမယတွင် ကျွန်ုပ်တို့မှ ဦးညွတ်ဂုဏ်ပြုအပ်ပါ၏။ ၎င်းတို့ မျှော်မှန်းခဲ့သော ဦးတည်ချက်များကို ကျွန်ုပ်တို့မှ နလုံးသွင်းအပ်ပါ၏။

ယနေ့အချိန်ကာလတွင် ကျွန်ုပ်တို့၏ အမျိုးသားရေးဂုဏ်သိက္ခာသည် အထူးပင်ကျဆင်းလျက် ရှိပေသည်။ လူ့အခွင့်အရေးမရှိသော၊ အာဏာရှင်စိုးမိုး၍ ဖိနှိပ်ချုပ်ချယ်မှုများဖြင့် ပြည့်နှက်လျက်ရှိသော၊ ကလေးစစ်သား အပါအဝင် အမျိုးသမီးများအပေါ် အဓမ္မစော်ကားမှုများ အတင်းအဓမ္မခိုင်းစေမှုများပြုလုပ်နေသော၊ လာဘ်စားမှု များစွာရှိသော နိုင်ငံအဖြစ် ဒေသအတွင်းတွင်မက ကမ္ဘာ့အလယ်တွင် အလွန်ဂုဏ်သိမ်ငယ်စွာဖြင့် ရှိနေ လေသည်။

လူထုအနေဖြင့်လည်း စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး စတဲ့ အထွေထွေအကျပ်အတည်းများကိုရင်ဆိုင် ကြုံတွေ့ နေရပြီး၊ ၎င်းအခြေအနေဆိုးများကို ကျော်လွှားနိုင်ရန် တောင်းဆိုနေမှုများကိုလည်း လက်ရှိ နအဖ စစ်အုပ်စုတို့က နည်းမျိုးစုံအသုံးပြု၍ အကြမ်းဖက်ခြင်း၊ ဖမ်းဆီးခြင်းများဖြင့် တုန့်ပြန်ဖိနှိပ်လျက်ရှိပေသည်။

လက်ရှိမြန်မာပြည်တွင်ကြုံတွေ့နေရသော အထွေထွေအကျပ်အတည်းကြီးကို အလျင်အမြန် ဖြေရှင်းဆောင်ရွက် ရေးသည် ယနေ့အမျိုးသားရေးတာဝန်တရပ်အဖြစ် မိမိတို့မှ ရှုမြင်သုံးသပ် ယုံကြည်ပါသည်။ အမှန်တကယ် ပြည်သူလူထု အကျိုးကို ရည်ရွယ်ရှေ့ရှုပြီး ဆောင်ရွက်ရေးသည်အလွန်အရေးကြီးပေသည်။

ယခွင် မြန်မာ့သမိုင်းအတွေ့အကြုံများကို သင်ခန်းစာယူပြီး မြန်မာပြည် တမျိုးသားလုံး၏အကျိုးစီးပွားအတွက် ဆောင်ရွက်ရာတွင် တပ်မတော်သာမက ပြည်သူပြည်သားများ၊ နိုင်ငံရေးအင်အားစုများ၊ တိုင်းရင်းသားအင်အား စုများ၊ အားလုံးအားလုံး စုစည်းညီညွတ်စွာ ပါဝင်ဆောင်ရွက်နိုင်မှုသာ အောင်မြင်မှုရနိုင်မည်ဖြစ်ပေသည်။ ထိုသို့ ဆောင်ရွက်ရာ တွင် အကောင်းဆုံးသော နည်းလမ်းမှာ ပြည်သူလူထု၏ ဆန္ဒမှန်လည်းဖြစ်၊ နိုင်ငံတကာ၏ ထောက်ခံမှုလည်းရှိသော စစ်မှန်သည့်တွေ့ဆုံဆွေးနွေးဖြေရှင်းသည့်နည်းလမ်းသည် ငြိမ်းချမ်းမှုအရှိဆုံး ဖြစ်သည်ဟု မိမိတို့မှ ယုံကြည်ပါသည်။

**သို့ပါ၍ နအဖ စစ်အစိုးရအနေဖြင့် အမျိုးသားအင်းအားစုများအချင်းချင်း သွေးစည်းညီညွတ်မှုကို အမြန်ဆုံး ပြန်လည်တည်ဆောက် အနှစ်သာရ ပြည့်ဝမှုရှိသော စစ်မှန်သည့် တွေ့ဆုံဆွေးနွေးပွဲကို အချိန်အကန့်အသတ်ဖြင့် အမြန်ဆုံး ပြုလုပ်သွားရန် လိုအပ်ပါကြောင်း မိမိတို့မှ ယနေ့အမျိုးသားအောင်ပွဲနေ့ အခါသမယတွင် တောင်းဆိုလိုက်ပါ သည်။**

ထိုသို့ဆောင်ရွက်ရာတွင်လည်း

(၁) ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အဖမ်းဆီးခံ နိုင်ငံရေးအကျဉ်းသားများအားလုံးအား စိတ်ရင်းစေတနာ ကောင်းဖြင့် အမြန်ဆုံး ပြန်လည်လွှတ်ပေးရန်

(၂) နှစ်ရှည်လများ ပိတ်ထားခြင်းခံထားရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရုံးများအားလုံး အမြန်ဆုံး ပြန်လည် ဖွင့်လှစ်ခွင့်ပေးရန်။

(၃) စက်တင်ဘာလအတွင်း ဖြစ်ပွားခဲ့သော လူထုအုံကြွမှုကြီးမှ ဖမ်းဆီးထိန်းသိမ်းခံထားရသော ရဟန်းသံဃာတော်များ၊ ကျောင်းသားများ၊ ပြည်သူများကို အမြန်ဆုံးချွင်းချက်မရှိပြန်လွှတ်ပေးရန်။

(၄) စက်တင်ဘာလအတွင်း ဖြစ်ပွားခဲ့သော လူထုအုံကြွမှုကြီးနှင့် ဆက်စပ်သည်ဆိုကာ ဆက်လက် ဖမ်းဆီးအရေးယူမှုများ ကို ရပ်တန့်က ရပ်ရန်။

နိုင်ငံတကာမိသားစုအနေဖြင့်လည်း

မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးကိုအာမခံပေးနိုင်သည့် စစ်မှန်သော ဒီမိုကရေစီစံနစ်ပေါ်ထွန်းလာစေရန် စစ်မှန် ပြီး အဓိပ္ပါယ်ပြည့်ဝသည့် တွေ့ဆုံဆွေးနွေးပွဲ ပေါ်ပေါက်လာစေရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် မိမိတို့မှ လေးစားစွာဖြင့် မေတ္တာရပ်ခံအပ်ပါသည်။

မိမိတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) အနေဖြင့်လည်း ပြည်သူလူထုအတွက် ကျရာအခန်းကဏ္ဍမှ တာဝန်ကျေပွန်အောင် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဤအမျိုးသားအောင်ပွဲနေ့တွင် သံဓိဌာန်ပြုလိုက်ရပေသည်။

ဗဟိုကော်မီတီ
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)

၁၃၆၉ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်။
၂၀၀၇ခုနှစ်၊ ဒီဇင်ဘာလ (၄) ရက်။
ဆက်သွယ်ရန် – ဦးမြင့်စိုး
(+66) 0862 046023

---

## မဂ္ဂင်ကျောင်းတိုက်မှ အရှင်ဃောသိတက ရွှေဝါရောင်တော်လှန်ရေး မရပ်သေးဟု မိန့်ကြား

၇ ဒီဇင်ဘာ ၂၀၀၇

စစ်အုပ်စုပြုတ်ကျရေး ဆက်လက်လုပ်ရှားနိုင်ရန် ရဟန်းရှင်လူ ပြည်သူများနှင့်အတူ ဆက်လက် တိုက်ပွဲဝင်သွားမည်ဟု ရွှေဝါရောင်တော်လှန်ရေးတွင် ဦးဆောင်မှုအခန်းကဏ္ဍမှ ပါဝင်ခဲ့ပြီးလွတ်မြောက်နယ်မြေသို့ရောက်ရှိလာသည့် ယခုရက်ပိုင်းအတွင်း စစ်အုပ်စု၏ချိပ်ပိတ်ခြင်းခံရသော မဂ္ဂင်ကျောင်းတိုက်မှ အရှင်ဃောသိတက မိန့်–ကားသည်။

၎င်းက ''ရွှေဝါရောင်တော်လှန်ရေးမှာ ကျဆုံးသွားတဲ့ ရဟန်းရှင်လူ ပြည်သူတွေရဲ့ သွေးတွေဟာ ဘယ်တော့မှ ခန်းခြောက်သွားမှာမဟုတ်ဘူး၊ သူတို့ရဲ့စိတ်ဓာတ်ဟာ အုမဲတန်းရှင်သန်နေမှာပါ။ နအဖစစ်အစိုးရကို ဒီမိုကရေစီရတဲ့အထိ ဆက်လက်တိုက်ပွဲဝင်သွားမှာဖြစ်တယ်'' ဟု မိန့်–ကားသည်။

ဆက်လက်၍၎င်းက ''ဦးဇင်းတို့သံဃာတော်တွေရဲ့ လှုပ်ရှားမှုဟာ အစပိုင်းပဲရှိပါသေးတယ်။ ပြည်တွင်းမှာ သံဃာတော်တွေဟာ ကနေ့အထိ သပိတ်ကံဆောင်တုန်းပဲ ရှိပါသေးတယ်။ အကုန်လုံးက ဆက်လက်ကျိုးပြီးတော့ လှုပ်ရှား–ကမှာပါ။ ပြည်ပမှာရောက်ရှိနေတဲ့ ရွှေဝါရောင်တော်လှန်ရေးအင်အားစုတွေ အခြားအဖွဲ့အစည်းတွေနဲ့ စည်းစည်းလုံးလုံး ဒီနအဖစစ်အုပ်စုကို အစီအစဉ်တွေချမှတ်ပြီး ရအောင်တော်လှန်မှာဖြစ်ပါတယ်'' ဟု မိန့်–ကားသည်။

မြန်မာပြည်သူလူထုအနေနှင့်လည်း ကိုယ့်အခွင့်အရေးကို ကိုယ်တိုက်ယူမှရမည်ဖြစ်သည့်အတွက် တဖက်တလမ်းမှ ကူညီယူရန်လိုအပ်ကြောင်း၊ ပြည်သူများက အဓိကကျကြောင်း အရှင်ဃောသိတကမိန့်ကြားသည်။ ရွှေဝါရောင်တော်လှန်ရေးကာလအတွင်း အကြမ်းဖက်ဖြိုခွင်းခြင်းခံရသဖြင့် သံဃာတော် (၁၈) ပါး ခန့် သေဆုံးရပြီး အများအပြားဖမ်းဆီးခံရကြောင်း။ နအဖထုတ်ပြန်သည့်အရေအတွက်နှင့် လွန်စွာ ကွာဟကြောင်းလည်း ၎င်းက မိန့်ကြားသည်။

ဗုဒ္ဓဟူးနေ့က ထိုင်း–မြန်မာနယ်စပ်သို့ ရောက်ရှိလာသည့် အရှင်ဃောသိတသည် သက်တော် (၂၈) နှစ် ဝါတော် (၈) ဝါရှိပြီး ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် မဂ္ဂင်ကျောင်းတိုက်မှဖြစ်ပြီး ပြီးခဲ့သည့် စက်တင်ဘာ (၂၇) ရွှေဝါရောင်တော်လှန်ရေး၌ ရွှေတိဂုံဘုရားခြေရင်းတွင် လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ အကြမ်းဖက်နှိမ်နင်းမှုကြောင့် အရိုက်ခံခဲ့ရပြီး ဦးခေါင်းသွေးမြေကျခဲ့ရသည့် ကိုယ်တော်ဖြစ်သည်။ ၎င်းအရိုက်ခံရပြီး ဦးခေါင်းသွေးမြေကျခဲ့ရသည့် ဗွီဒီယိုမှတ်တမ်းအား ကမ္ဘာ့သတင်းဌာနကြီးများနှင့် နိုင်ငံတကာမီဒီယာများတွင် ထိပ်တန်းသတင်းအဖြစ် ထုတ်လွှင့်ပြသခဲ့သည်။

# ဦးဂမ္ဘီရ မိသားစုနှင့်တွေ့ခွင့်ရ

ဗထူး၊ ဒီဇင်ဘာ ၆။ ၂၀၀၇ ရိုးမ

သံဃာတပ်ပေါင်းစုခေါင်းဆောင် အရှင်ဂမ္ဘီရအား စစ်အစိုးရက ဖမ်းဆီးခဲ့ပြီးနောက် ပထမဆုံး အကြိမ် မိသားစုနှင့် တွေ့ခွင့်ရခဲ့သည်။

စက်တင်ဘာလတွင်းဖြစ်ပေါ်ခဲ့သည့် သံဃာလှုပ်ရှားမှုအတွင်း ထင်ရှားသည့် သံဃာတော်များ အား စစ်အစိုးရက ဖမ်းဆီးခဲ့ရာ ကာလအတန်ကြာ ရှောင်တိမ်းနေရာမှ အရှင်ဂမ္ဘီရ ဖမ်းဆီးရခဲ့ပြီး နောက် အင်းစိန်ထောင်တွင် ချုပ်နှောင်ထားခြင်းဖြစ်သည်။

“မနေ့က သွားတွေ့တယ်။ အဆောင်(၂)။ အခန်း (၂၃) မှာထားတာ။ တယောက်ထဲပဲ အခန်းက လည်း ကျယ်တယ်။ ကျန်းမာရေးကောင်းပါတယ်။ သူက ရယ်ပြီးပြောလိုက်တယ်။ အနည်းဆုံး နှစ်ငါးဆယ်လောက်ထင်တယ်တဲ့”ဟု မိသားစုနှင့်နီးစပ်သူတဦးက ဆိုသည်၊

ဦးဂမ္ဘီရ စစ်ဆေးမေးမြန်းမှုများပြုလုပ်ခဲ့ပြီး ယခုအခါ စစ်ဆေးမှုများ ရပ်တန့်ထားကာ စစ်ဆေးစဉ် ညှဉ်းပမ်းနှိပ်စက်မှုများ မပြုလုပ်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

“တဦးတည်း ထားတယ်ဆိုတော့ အဖော်မရှိ။ စားစရာမရှိရင်လည်း ဝေမျှပေးကမ်းမဲ့သူမရှိ ဖြစ်နေတာပေ့ါ။ စိတ်ပိုင်းဆိုင်ရာ ဖိနှိပ်ထားတဲ့သဘောပါပဲ”ဟု မိသားစုနှင့်နီးစပ်သူတဦးက ဆိုသည်။

ဦးဂမ္ဘီရအား စစ်အစိုးရက နိုဝင်ဘာလ (၄) ရက်နေ့တွင် မန္တလေးတိုင်း။ စဉ့်ကူးမြို့နယ်အတွင်း ဖမ်းဆီးရမိခဲ့ပြီးနောက် ယခုကဲ့သို့ မိသားစုနှင့် ပထမဆုံးအကြိမ် တွေ့ဆုံခွင့်ပေးခဲ့ခြင်းဖြစ်သည်။

စစ်အစိုးရကစက်တင်ဘာလှုပ်ရှားမှုအား အကြမ်းဖက်ဖြိုခွဲခဲ့ပြီးနောက် နိုင်ငံရေးတက်ကြွလှုပ်ရှား သူများနှင့် သံဃာများအား ဖမ်းဆီးလျှက်ရှိရာ အေအိုင်ဒီအက်စ် ဝေဒနာရှင်များအား အခမဲ့ ဆေးကုသပေးခဲ့သည့် မဂ္ဂင်ကျောင်းဆရာတော်ကြီးအား ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက တောင်တွင်းကြီးမြို့နယ် ရှိမြို့သစ်မြို့နှင့် ၆ မိုင်အကွာနေရာသို့အစောင့်အကြပ်များနှင့် ပို့ဆောင် ခဲ့သည်။

## အန်အယ်လ်ဒီ ပြောခွင့်ရ ဦးမြင့်သိန်း ခွဲစိတ်ကုသ ခံရမည်

ဒီဇင်ဘာလ၄၊၂၀၀၇ ဇမ္ဗူမ

ထိန်လင်း

ကျောက်ကပ်ရောဂါဖြင့် ဆေးရုံတက်ကာ ဆေးဝါးကုသမှု ခံယူနေရသူ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (အန်အယ်လ်ဒီ) ပြောရေးဆိုခွင့်ရှိသူ ဦးမြင့်သိန်းသည် မကြာခင်တွင် အစာအိမ်ကို ခွဲစိတ်ကုသ ခံရမည်ဟု သိရသည်။

နိုဝင်ဘာလ ၁၆ ရက်နေ့ကတည်းက ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ်ရှိ စံပြဆေးရုံတွင် ကျောက်ကပ်ရောဂါဖြင့် တက်ရောက် ကုသခံနေရသူ အန်အယ်လ်ဒီ ပြောခွင့်ရပုဂ္ဂိုလ် ဦးမြင့်သိန်းသည် အစာအိမ်တွင် အနာဖြစ်နေသည်ကို တွေ့ရှိပြီး မကြာမီတွင် ခွဲစိတ်ကုသ ခံရမည်ဟု သိရသည်။

“ပထမပိုင်းကတော့ ကျောက်ကပ်နဲ့ ဆေးရုံတင်ထားရတာ၊ အခုနောက်ပိုင်းမှာတော့ အစာအိမ် အနာဖြစ်နေပြီလို့ ပြောတယ်ရှင့်၊ ကျောက်ကပ်ကတော့ ကျောက်ချေလိုက်လို့ ကောင်းသွားပြီ၊ အစာအိမ်အတွက် ခွဲရမယ်လို့ ပြောတယ်ရှင့်၊ ဆေးရုံဆင်းရက်ကတော့ ဝေးသေးတယ်။ အခုမှ အဖြေရတာမို့ ခွဲပြီးမှ ဆင်းလို့ရမယ်၊ စိုးရိမ်စရာတော့ မရှိပါဘူး” ဟု ဦးမြင့်သိန်း၏ ချွေးမဖြစ်သူက မဇ္ဈိမကို ပြောသည်။

ဦးမြင့်သိန်းကို နိုင်ငံတစ်ဝှမ်း ရွှေဝါရောင် လှုပ်ရှားမှု ဖြစ်ပွားနေစဉ် စက်တင်ဘာလ ၂၇ ရက်နေ့တွင် အာဏာပိုင်များက နေအိမ်မှ ဖမ်းဆီး ခေါ်ဆောင်သွားပြီး အင်းစိန်ထောင်တွင် ဖမ်းဆီးထားစဉ် သူ၏ ကျန်းမာရေးအတွက် ဆေးဝါး ကုသခွင့် မပေးဘဲ၊ မိသားစုဝင်များ၏ ထောင်ဝင်စာ ပေးခြင်းအပေါ် ထောင်အာဏာပိုင်များက တားမြစ်ခဲ့သည်ဟု ဇနီးသည် ဒေါ်ဆွေဆွေသိန်းက အောက်တိုဘာလ ၂၃ ရက်နေ့တွင် မဇ္ဈိမကို ပြောဆိုခဲ့သေးသည်။

သူ ဖမ်းဆီးခံရစဉ် အင်းစိန်ထောင်မှ လွတ်မြောက်လာသူများ၏ အဆိုအရ သူ့ကျန်းမာရေး အခြေအနေသည် စိုးရိမ်ဖွယ်ရှိနေပြီး ထိန်းသိမ်းခံထားရစဉ် တလျှောက်လုံး ဆန်ပြုတ်ကိုသာ သောက်သုံးနေရသဖြင့် ကိုယ်အလေးချိန် သိသာစွာ ကျဆင်းသွားသည်ဟု သိခဲ့ရသည်။

သည့်အပြင် ဇနီးသည် ဒေါ်ဆွေဆွေသိန်းက အဖမ်းမခံရခင် ၂ လခန့်ကတည်းက အစာအိမ်ရောဂါ ဖြစ်ခဲ့သဖြင့် ထမင်းကိုပင် ကောင်းမွန်စွာ စားသောက်နိုင်ခြင်း မရှိခဲ့ကြောင်းနှင့် သွေးပေါင်ချိန်လည်း တက်နေကာ ကျန်းမာရေး အခြေအနေသည် ဆိုးရွားနေခဲ့ကြောင်း ပြောဆိုခဲ့သည်။

ဦးမြင့်သိန်းကို အောက်တိုဘာလ ၃ ရက်နေ့တွင် အာဏာပိုင်များက ပြန်လွှတ်ပေးခဲ့သည်။

## လွှတ်ပေးသူများထဲ နိုင်ငံရေးအကျဉ်းသား အနည်းငယ်သာ ပါဝင်

ဒီဇင်ဘာ ၄။ ၂၀၀၇

မြန်မာ စစ်အစိုးရ က လွန်ခဲ့သော ၂ ပတ်ခန့်အတွင်း အကျဉ်းသားပေါင်း ၈၅၀၀ ကျော် လွှတ်ပေးရာတွင် နိုင်ငံရေး အကျဉ်းသား အနည်းငယ်သာ ပါဝင်ကြောင်း သိရသည်။ နိုဝင်ဘာ ၁၆ ရက်မှ ဒီဇင်ဘာ ၃ ရက်အတွင်း အကျဉ်းသားပေါင်း ၈၅၈၅ ဦးကို လွှတ်ငြိမ်းချမ်းသာခွင့်နှင့် လွှတ်ပေးရာတွင် နိုင်ငံခြားသား အကျဉ်းသား ၃၃ ဦး ပါဝင်သော်လည်း နိုင်ငံရေးအကျဉ်းသား ၂၀ခန့် သာပါဝင်ခဲ့သည်ဟု အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်(အန်အယ်လ်ဒီ) ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းကပြောသည်။

နိုဝင်ဘာ ၂၉ ရက်နှင့် ၃၀ ရက်က ရခိုင်ပြည်နယ် စစ်တွေမြို့ အန်အယ်လ်ဒီ အဖွဲ့ဝင် ၂ ဦး လွှတ်မြောက်လာခဲ့ကြောင်း။ သို့သော် ယခုအစိုးရ လွှတ်သည့်စာရင်းတွင် ပါဝင်ခြင်း ရှိ မရှိ မသေချာကြောင်းလည်း ဦးဉာဏ်ဝင်းက ပြောပြသည်။

အဆိုပါ အကျဉ်းသား ၈၅၈၅ ဦးကို အမျိုးသားညီလာခံ ကျင်းပပြီးစီးမှုနှင့် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်လုပ်ငန်း စတင်ခြင်း အထိမ်းအမှတ်အဖြစ်လွှတ်ပေးခြင်းဖြစ်ကြောင်း ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြထားသည်။

လွန်ခဲ့သော စက်တင်ဘာ ဆန္ဒပြပွဲများတွင် ဦးဆောင်သံဃာတပါး ဖြစ်သည့် ဦးဂမ္ဘီရ၏ ဖခင် ဦးမင်းလွင်ကို စစ်အစိုးရက ယမန်နေ့တွင် ပြန်လွှတ်ပေးခဲ့သော်လည်း ဦးဂမ္ဘီရနှင့် ၎င်း၏ အကိုဖြစ်သူ ကိုကျော်ကျော်တို့မှာ ဖမ်းဆီးခံထားရဆဲ ဖြစ်ကြောင်း သိရသည်။



ဦးဂမ္ဘီရသည် ရှောင်တိမ်းပုန်းအောင်းနေစဉ် မန္တလေးတိုင်း ကျောက်ဆည်မြို့၌ နိုဝင်ဘာလ အစောပိုင်းတွင် စစ်အစိုးရက ဖမ်းဆီးခဲ့ပြီး ၎င်း၏ အကိုနှင့်အတူ အင်းစိန် အကျဉ်းထောင်တွင်ထားရှိခဲ့သည်။

ဦးမင်းလွင်သည် ယခု မတ္တီလာ၌ ရှိနေပြီး သူအဖမ်းခံရစဉ် မန္တလေးအကျဉ်းထောင်တွင် အန်အယ်လ်ဒီ အဖွဲ့ဝင် ကိုရွှေမောင်းနှင့် ကိုတင်ကို တို့ကို တွေ့ဆုံခဲ့ရသည်ဟု ၎င်းက ရောဝတီသို့ ပြောသည်။ အဖမ်းဆီးခံရထားရစဉ် ထောင်တွင်း အစားအသောက် အခက်အခဲကြောင့် အားနည်းနေသည့်အတွက် ယခုအခါ ဆေးကုသမှုခံယူနေရသည်ဟုလည်း ဦးမင်းလွင်က ပြောသည်။

ယခုကဲ့သို့ အကျဉ်းသားများလွှတ်ပေးခြင်းသည် စစ်အစိုးရက နိုင်ငံတကာကို ရုပ်ပြသဘောလုပ်ဆောင်ပြခြင်းသာဖြစ် သည်ဟု ထိုင်းနိုင်ငံအခြေစိုက် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ) အတွင်းရေးမှူး ဦးတိတ်နိုင်က ပြောသည်။

"ကုလသမဂ္ဂနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်ဆိုတဲ့သဘောနဲ့ အခုအကျဉ်းသားတွေ လွှတ်ပေးတာလည်းဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံအကျဉ်းထောင်များအတွင်း နိုင်ငံရေးအကျဉ်းသား ပေါင်း ၁၁၅၈ ဦးခန့် လွှတ်မြောက်ရန် ကျန်ရှိနေသေးကြောင်း အေအေပီပီ၏ အဆိုအရ သိရသည်။

## အနေကြာချင်သည့် စစ်အစိုးရ နေကြာအဓမ္မစိုက်ခိုင်း

ရောဝတီ

ကိုစိုး ဒီဇင်ဘာ ၆။ ၂၀၀၇

စစ်အစိုးရက အနေကြာစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် နေကြာပင်များကို ပဲခူးတိုင်း ဝေါမြို့နယ်အတွင်းရှိ တောင်သူ လယ်သမားများအား မစိုက်မနေရဖိအားပေး စိုက်ပျိုးခိုင်းနေကြောင်း သိရသည်။ မကြာသေးသော ရက်ပိုင်းအတွင်းတွင် ဒေသအာဏာပိုင်များက ဝေါ မြို့နယ်ရှိ လယ်သမားတစ်ဦးလျှင် နေကြာစေ့ တပြည်စီ ဝယ်ယူစိုက်ပျိုးခိုင်းသည်ဟု ဒေသခံများက ပြောသည်။

"အဲဒီနေကြာကို ဘာဖြစ်လို့ စိုက်ခိုင်းတာလည်းဆိုတော့ အနေကြာအောင်၊ကြာကြာနေရအောင်တဲ့။ ပြီးတော့ နေဆိုတာက စနေနံ ၇ ဂဏန်း။ ကြာက တနင်္လာ ၂ ဂဏန်း၊ နေကြာဆိုတော့ ၉ ဂဏန်းရတယ်။ ၉ နဝင်း ယတြာ ချေတဲ့သဘော လုပ်တာတဲ့" ဟုလည်း ဒေသခံတဦးက ပြောသည်။

စစ်အစိုးရ ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ၉ ဂဏန်းသည် ဗေဒင်ယတြာနှင့်ပတ်သက်၍ အောင်မြင်ခြင်းဂဏန်း ဖြစ်သည်ဟူသော အယူဖြင့် ယခုကဲ့သို့ နေကြာကို စိုက်ပျိုးခိုင်းခြင်း ဖြစ်နိုင်သည်ဟုလည်း ဆိုသည်။အာဏာပိုင်များက နေကြာစေ့ တပြည်ကို ကျပ် ၁၅၀၀ နှင့် လယ်သမားများအား ဝယ်ယူစိုက်ပျိုးခိုင်းသော်လည်း ထွက်ရှိလာမည့် နေကြာကိုမူ ပြန်လည်၍ တာဝန်ခံဝယ်ယူ မဟုတ်ဟု ဆိုသောကြောင့် အခက်အခဲဖြစ်နေကြရကြောင်း သိရသည်။

စစ်အစိုးရက ၂၀၀၆ ခုနှစ်ဆန်းပိုင်းတွင် စတင်၍ ဇီဝလောင်စာ အစားထိုး ထုတ်လုပ်ရန်အတွက်ဟုဆိုကာ ခြံစည်းရိုး ကြက်ဆူပင်များကို စီမံချက်ဖြင့် နိုင်ငံတဝန်း စိုက်ပျိုးခိုင်းခဲ့ရာ ယင်းကြက်ဆူပင်စီမံချက်သည်လည်း ယတြာပြုလုပ်ခြင်း ဖြစ်သည်ဟု လူအများက ပြောဆိုခဲ့ကြသည်။

ယင်းကြက်ဆူ စိုက်ပျိုးရခြင်းသည် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဒေါ်အောင်ဆန်းစုကြည်အပေါ် အနိုင်ရလိုသော ရည်ရွယ် ချက်ဖြင့် ဒေါ်အောင်ဆန်းစုကြည် အမည် စုကြည်တွင် စုသည် အင်္ဂါနံ၊ ကြည်သည် တနင်္လာနံ၊ အင်္ဂါ တနင်္လာကို နေ့နံ ပြောင်းပြန် တနင်္လာနံ အင်္ဂါနံ ကြက်ဆူအမည်ဖြင့် ဗေဒင်ပညာအရ ကက်ကင်းပြုလုပ်၍ သူ၏ ဗေဒင်ပညာရှင်အား ယတြာပြုလုပ်ခိုင်းခြင်းဖြစ်ကြောင်း သိရှိရသည်။

စာမျက်နှာ (၄) အဆက်→

## မြန်မာပြည်သူများအနေဖြင့် မိမိအခွင့်အရေး မိမိရအောင် လုပ်ရမည်ဟု ၈၈ မျိုးဆက်ကျောင်းသားအဖွဲ့ပြော

၉၊ ဒီဇင်ဘာလ၊ ၂၀၀၇

ကျော်ကျော်သိန်း

မြန်မာနိုင်ငံကလူ့အခွင့်အရေးအခြေအနေတွေ တိုးတက်မလာဘဲနဲ့ တနေ့ထက်တနေ့ ဆုတ်ယုတ်သထက် ဆုတ်ယုတ်လာနေတာကြောင့် လူထုအနေနဲ့ နစ်နာဆုံးရှုံးရတဲ့ ကိုယ့်ရဲ့ အခွင့်အရေးတွေကို သက်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းတွေကသိအောင် လုပ်ဆောင်ကြရမယ်လို့ မနက်ဖြန်မှာကျရောက်မယ့် နိုင်ငံတကာ လူ့အခွင့်အရေးနေ့အကြို ၈၈ မျိုးဆက်ကျောင်းသား အဖွဲ့က ဒီကနေ့မှာပြောလိုက်ပါတယ်။

ကိုကျော်ကျော်သိန်းကဆက်သွယ်မေးမြန်းတင်ပြထားပါတယ်။ လူ့အခွင့်အရေးနေ့အကြိုအဖြစ် မြန်မာနိုင်ငံက ဒီကနေ့လူ့အခွင့်အရေး အခြေအနေတွေ ဘယ်လိုရှိပါသလဲလို့ ၈၈ မျိုးဆက်ကျောင်းသားအဖွဲ့က ကိုထွန်းမြင့်အောင်ကို မေးတဲ့အခါ သူက အခုလိုစဖြေပါတယ်။"ယနေ့ မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေးအခြေအနေဟာ ကျနော်တို့တိုင်းပြည်မှာ တနေ့တခြားဆုတ်ယုတ်သထက်ဆုတ်ယုတ်နေတယ်။ ပြည်သူပြည်သားတွေခမျာယနေ့ထက်ထိအကြောက်တရားနဲ့ဖိစီးမှု

အောက်မှာလူသားတယောက်ရဲ့အခြေခံလူ့အခွင့်အရေးတွေကိုတောင် မရနိုင်ဘူးဖြစ်နေတယ်။ ဒါတွေဟာ ကျနော်တို့က အကြိုးအကြောင်းမဲ့စွာ ပြောတာမဟုတ်ပါဘူး" အဲဒီလို လူ့အခွင့်အရေးချိုးဖောက်ခံနေရတယ်ဆိုတဲ့ဟာတွေထဲက နမူနာတခု လောက်ပြောပြပါလား။

"လူသားတဦးချင်းစီရဲ့ လွတ်လပ်စွာထုတ်ဖော်ခွင့်တွေကို ယနေ့ မြန်မာပြည်မှာ မရဘူးဆိုတာ စာနယ်ဇင်းလောကမှာ စာပေစိစစ်ရေးရဲ့ အတင်းအဓမ္မ နှိပ်ကွပ်မှုကို ကြည့်ခြင်းအားဖြင့် သိနိုင် ပါတယ်။ ဒါဟာ လိုမယ်လို့ရော ယူဆပါသလဲ။"ကျနော်တို့တိုင်းပြည်မှာရှိတဲ့ ပြည်သူပြည်သားတွေအနေနဲ့ ကိုယ့်အခွင့်အရေးတွေကို ကိုယ်ကိုယ်တိုင် .

လွတ်လပ်စွာပြောဆိုခွင့်နဲ့ ပတ်သက်လို့ "နောက်တခါလွတ်လပ်စွာစုစည်းခွင့်၊ လွတ်လပ်စွာဖွဲ့စည်းခွင့်တွေမှာဆိုရင်လည်း တရားဝင်မှတ်ပုံ တင်ထားတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တောင်လွတ်လွတ်လပ်လပ် နိုင်ငံရေးအရ လှုပ်ရှားလို့မရပါဘူး၊မြို့နယ်ရုံးတွေဆိုရင်လည်းယနေ့ထက်ထိ ချိပ်ပိတ်ခံထားရဆဲပါဒါဟာနိုင်ငံရေးလှုပ်ရှားမှုတွေ၊လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းမှုတွေနဲ့ပတ်သက်လို့ သိနိုင်ပါတယ်"အဲတော့ လူ့အခွင့်အရေးအခြေအနေတွေ တိုးတက်လာဖို့အတွက် ဘာတွေလုပ်ဖို့ ရယူနိုင်ဖို့၊ ကိုယ်ကိုယ်တိုင်ကာကွယ်ဖို့ အရေးကြီးပါတယ်။ လူ့အခွင့်အရေးဆိုတာ ဘယ်သူ့ဆီမှ တောင်းနေဖို့ မလိုပါဘူး။ ကျနော်တို့ဟာ လူသားတွေဖြစ်တာနဲ့အညီ လူသားတဦးချင်းစီမှာ ရပိုင်ခွင့်တွေရှိပါတယ်။ အဲဒီရပိုင်ခွင့်တွေကို ကျနော်တို့ကာကွယ်ရမယ်။

အဲဒီအတွက် လူ့အခွင့်အရေး ချိုးဖောက်ခံရတယ်ဆိုရင် ကျနော်တို့ဟာ ခေါင်းငုံ့ခံမနေကြဘဲနဲ့ ချိုးဖောက်ခံရတဲ့ အခြေအနေ၊ အဖြစ်အပျက်တွေကို အတိအကျ ရယူမှတ်တမ်းတင်ပြီးတော

ဥပဒေကြောင်းအရ တုံ့ပြန်လို့မရတဲ့ ကိစ္စတွေမှာ သက်ဆိုင်ရာ လူ့အခွင့်အရေး လုပ်ရှားသူတွေထံကို သတင်းအချက်အလက်တွေ ရောက်အောင်ပို့ပြီးတော့ အဲဒီကတဆင့် လူ့အခွင့်အရေးလုပ်ရှားသူတွေက နိုင်ငံတကာမှာရှိတဲ့ လူ့အခွင့်အရေးအဖွဲ့အစည်းတွေ၊ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီကို မြန်မာပြည်ရဲ့လူ့အခွင့်အရေးချိုးဖောက်မှုတွေကို သိအောင်လုပ်ဖို့အရေးကြီးပါတယ်”ပြည်တွင်းကလူထုက လုပ်ရမယ့်အပိုင်းအပြင် နိုင်ငံတကာအနေနဲ့ရော မြန်မာနိုင်ငံက လူ့အခွင့်အရေးအခြေအနေတွေ တိုးတက်လာဖို့ ဘာတွေလုပ်သင့်တယ်လို့ ယူဆပါလဲ။

“ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီအနေနဲ့ ကျနော်တို့မြန်မာနိုင်ငံမှာ အိုင်အယ်လ်အိုကနေ ရုံးခွဲလာစိုက်သလို ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်ရဲ့ရုံးခွဲကိုမြန်မာနိုင်ငံမှာ အခြေစိုက်ပြီးတော့ ပြည်သူပြည်သားတွေရဲ့ လူ့အခွင့်အရေး နစ်နာဆုံးရှုံးမှုတွေကို တိုင်ကြားနိုင်တဲ့ အခွင့်အရေးရဖို့ အတွက် ရုံးစိုက်ပြီးတော့ အနေအထားတခုကို ဖန်တီးသင့်ပါတယ်။ ဒါမှသာ လူ့အခွင့်အရေး ချိုးဖောက်ခံနေရတဲ့ ကျနော်တို့ နိုင်ငံသူနိုင်ငံသားတွေဟာ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီကို တိုက်ရိုက် ရဲရဲတင်းတင်း တင်ပြနိုင်မယ်။ တိုင်တန်းနိုင်မယ်။ ဒီလိုတိုင်ကြားနိုင်တဲ့ အခွင့်အရေး ရပြီဆိုရင် ကျနော်တို့ပြည်သူပြည်သားတွေအဖို့ လူ့အခွင့်အရေး ချိုးဖောက်ခံနေရခြင်းတွေကနေပြီး သက်သာရာ သက်သာကြောင်းရနိုင်တဲ့ အနေအထားတရပ်လို့ မြင်ပါတယ်”

---

## ငါးမင်းဆွေစာအုပ် တရားမဝင်ထွက်နေ

မင်းအောင်နိုင် ဒီဇင်ဘာ ၆။ ၂၀၀၇

ရန်ကုန်မြို့အစိုးရစာပေစိစစ်ရေးရုံး၏ စာမူခွင့်ပြုချက်အမှတ်၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ်နှင့် ပုံနှိပ်မှတ်တမ်း စသည်တို့ မပါဝင်သော စစ်အစိုးရသတင်းစာ ဆောင်းပါးရှင် ငါးမင်းဆွေ၏ ဆောင်းပါးပေါင်းချုပ် စာအုပ် ၂ အုပ် ထွက်ရှိနေကြောင်း သိရသည်။

အဆိုပါ စာအုပ်များမှာ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်နှင့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့ကို တိုက်ခိုက်ရေးသားထားသောဆောင်းပါးများအပါအဝင် အစိုးရသတင်းစာများတွင် ဖော်ပြခဲ့ သည့်ဆောင်းပါး ၁၃ ပုဒ်ပါဝင်သော “ငါးမင်းဆွေ၏ ဆောင်းပါးများ” စာအုပ်နှင့် ရန်ကုန်တိုင်းမ်၊ ဆဲဗင်းဒေးနယူးစ်၊ ဖလားဝါးနယူးစ်နှင့် ဖတ်စ်နယူးစ် ဂျာနယ်များတွင် ဖော်ပြခံခဲ့ရသည့် ဆောင်းပါး ၁၂ ပုဒ်ပါဝင်သော “ဆင်နှင့်နဂါး အလယ်က ဝေလငါး” ငါးမင်းဆွေ၏ ဆောင်းပါးများ အမည်ရသော စာအုပ်၂ အုပ် ဖြစ်သည်။ ယင်းစာအုပ်များကို ဈေးကွက်တင်ရောင်းချခြင်းမျိုးမဟုတ်ဘဲ နီးစပ်ရာ လက်သိပ်ထိုးဖြန့်ဝေနေခြင်းဖြစ်သည်ဟု စာနယ်ဇင်း လောကသားများက ပြောဆိုသည်။

“စစ်အစိုးရ လက်ထက်မှာ ဘယ်စာအုပ်မှ သူတို့စိစစ်ရေးရဲ့ စာမူခွင့်ပြုချက်မရဘဲ မထုတ်နိုင်ပါဘူး။ အဲဒီလိုထုတ်ခဲ့ရင် တရားမဝင် ပုံနှိပ်ထုတ်ဝေမှု အက်ဥပဒေနဲ့ငြိပြီး နှစ်ရှည်ထောင်ကျခံရမှာပါပဲ။ ဒါကို ဒီလူရသွားတယ်ဆိုတာ ရှင်းပါတယ်။ သူက သတင်းစာတွေမှာ အစိုးရဘက်က လိုက်ရေးနေတဲ့သူမို့ ဒီအခွင့်အရေးရတာ ဖြစ်မှာပေါ့”ဟု ဂျာနယ်အယ်ဒီတာ တဦးက ပြောသည်။

ယခုကဲ့သို့ ထုတ်ဝေခွင့်ပြုခြင်းမှာ ဥပဒေကို မျက်ကွယ်ပြုရာ ရောက်ကြောင်း၊တရားမျှတမှုမရှိကြောင်းလည်းဎင်းက နိုင်ငံတွင်း တရားဝင်ထုတ်ဝေသော မည်သည့် စာအုပ်စာတမ်းများတွင်မဆိုမ ပြောဆိုသည်မြန်မာထည့်မနေရ ထည့်သွင်းပုံနှိပ်ဖော်ပြ ရသည့် ဒို့တာဝန်အရေးသုံးပါး။ ပြည်သူ့သဘောထား။ ဦးတည်ချက် ၁၂ ရပ်စသည့် အစိုးရ အာဘော်များကိုလည်း ငါးမင်းဆွေ၏ စာအုပ်များတွင် ဖော်ပြထားခြင်းမရှိကြောင်း သိရသည်။

---

## အိုးအိမ်နှင့်မြေယာပိုင်ဆိုင်မှုအခွင့် အရေးများ စစ်အစိုးရချိုးဖောက်

ခေတ်ပြိုင်

ကျော်ထင်၊ ၆ ဒီဇင်ဘာ ၂၀၀၇

မြန်မာစစ်အစိုးရသည်အဓမ္မရွှေ့ပြောင်းမှု၊ အိုးအိမ်နှင့် မြေယာပိုင်ဆိုင်မှုဆိုင်ရာအခွင့်အရေးများကို ချိုးဖောက်နေကြောင်း ကုလသမဂ္ဂအိုးအိမ်ပိုင်ဆိုင်မှုအခွင့်အရေးနှင့် အဓမ္မမောင်းထုတ်ခံရ မှုဆိုင်ရာအဖွဲ့ COHRE ၏ ယမန်နေ့ အစီရင်ခံစာ၌ ဖော်ပြသည်။

တိုင်းရင်းသားလူမျိုးစုဒေသများ၌စစ်အစိုးရ၏ အိုးအိမ်နှင့် မြေယာပိုင်ဆိုင်မှုအခွင့်အရေး ချိုးဖောက်မှုအချက်အလက်များအပေါ် အခြေခံ ရေးသားထားသည့် “အဓမ္မရွှေ့ပြောင်းခံရမှုနှင့်မြေယာပိုင်ဆိုင်မှုအခွင့်အရေး”အစီရင်ခံစာ၌အိုးအိမ်နှင့်မြေ ယာပိုင်ဆိုင်မှုအခွင့်အရေးသည် ဒီမိုကရေစီရေး၊ တရားမျှတမှုနှင့် ရေရှည်တည်တံ့သည့် အသက်မွေးဝမ်းကျောင်းမှုနှင့်ဆက် စပ်နေသည်ဟု ဖော်ပြထားသည်။

စစ်အစိုးရ၏အဓမ္မရွှေ့ပြောင်းမှုနှင့် အိုးအိမ်နှင့်မြေယာပိုင်ဆိုင်မှုဆိုင်ရာအခွင့်အရေးကို စနစ်တကျချိုးဖောက်မှုများကြောင့် မြန်မာနိုင်ငံသားများသည် အိမ်နီးချင်းနိုင်ငံများတွင်ရွှေ့ပြောင်း အလုပ်သမားများအဖြစ်လည်းကောင်း၊ အိုးအိမ်စွန့်ခွာနေရသည့် ပြည်တွင်းဒုက္ခသည်များနှင့် နယ်စပ်ဒုက္ခသည်စခန်းများတွင် ဒုက္ခသည်အဖြစ်လည်းကောင်း တိုးပွားနေသည်ဟု အစီရင်ခံစာတွင် ဖော်ပြသည်။

အိုးအိမ်နှင့် မြေယာပိုင်ဆိုင်မှု အခွင့်အရေးနှင့် ပတ်သက်ပြီး တကမ္ဘာလုံးရှိ အဆိုးဝါးဆုံး ချိုးဖောက်သည့် (၃) နိုင်ငံကို နှစ်စဉ်ထုတ်ပြန်လေ့ရှိပြီး ယခုနှစ်၌ မြန်မာနိုင်ငံပါဝင်လာခြင်းဖြစ်ကြောင်း; COHRE အဖွဲ့နှင့်ပူးပေါင်းဆောင်ရွက်နေသည့် သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေး ဖွံ့ဖြိုးမှုကွန်ရက်မှ ဒါရိုက်တာ ခိုင်ရှုဝံကပြောသည်။

ဎင်းက “တနေ့ တိုင်းပြည်ပြုပြင်ပြောင်းလဲဖို့အတွက် လုပ်ဆောင်နေကြတဲ့အချိန်မှာ ဒီကိစ္စက အရေးအကြီးဆုံး ဖြစ်လာမှာပါ။ ၊ ဘာလို့ဆိုတော့ လူတွေကို ပြန်လည်နေရာချထားရမယ်လေ၊ ဒီတော့မှတ်တမ်းမှတ်ရာတွေနဲ့၊ဆုံးရှုံးခဲ့တဲ့ လယ်မြေတွေ ပျက်စီးခဲ့တဲ့ရွာတွေ မှတ်တမ်းရှိဖို့ လိုတယ်လေ၊ အခြားတဘက်မှာလည်း ကျေးရွာလူထုတွေအထိ ဒီကိစ္စတွေနဲ့ ပတ်သက်လို့ ပညာပေးလုပ်ဆောင်မှုတွေ လုပ်သွားရပါမယ်” ဟု ပြောသည်။

မြန်မာနိုင်ငံ၌ ဦးနေဝင်းအာဏာသိမ်းခဲ့သည့် ၁၉၆၂ ခုနှစ်၌ ပိုင်ဆိုင်မှုဆိုင်ရာ အခွင့်အရေးများဆုံးရှုံးခဲ့ကြောင်း၊ လယ်သမားများအနေဖြင့် အစိုးရအား ပုံမှန်အခွန် ပေးဆောင်နေသော်လည်း အာဏာပိုင်များသိမ်းယူလိုပါက အချိန်မရွေးမြေယာသိမ်းယူမှု ခံရနိုင်ကြောင်း ဎင်းကဆက်လက် ပြောသည်။

ယခုထုတ်ပြန်သည့် အစီရင်ခံစာကို ၂၀၀၂ မှ ၂၀၀၆ အထိ ကချင်ပြည်နယ်။ ကရင်ပြည်နယ်။ မွန်ပြည်နယ်။ ရှမ်းပြည်နယ်။ တနင်္သာရီတိုင်း။ ရန်ကုန်တိုင်း။ ထိုင်းနှင့် တရုတ်နိုင်ငံနယ်စပ်ဒေသများ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့များ၊ လက်နက်ကိုင်အဖွဲ့များ၊ နယ်စပ်အခြေစိုက်နိုင်ငံရေးအဖွဲ့များ၊ လူထုအခြေပြုအဖွဲ့များနှင့်မီဒီယာများမှရရှိသောအချက်အလက်များနှင့် လူတွေ့မေးမြန်းမှုများအပေါ်အခြေခံ ပြုစုထားကြောင်းသိရသည်။

## နှစ်ဆန်းတရက်နေ့တွင်ဝန်ထမ်းသပိတ် ဆင်နွှဲမည်ဟု ပြည်တွင်းအဖွဲ့က ပြော

မဇ္ဈိမ၊ ၄၊ ဒီစင်ဘာ၊ ၂၀၀၇

နအဖ စစ်အစိုးရ၏ ယန္တရား ရပ်ဆိုင်းရေးအတွက်ဝန်ထမ်းများအနေဖြင့် ၂၈ ခုနှစ် လဆန်းတရက်မှ စတင်ကာ လုပ်ငန်းခွင်သို့ မသွားဘဲ နေအိမ်အတွင်း နေထိုင်ကာ ဆန္ဒပြရန်အတွက် ပြည်တွင်းအခြေစိုက် အဖွဲ့အစည်းတခုက တိုက်တွန်းနိုးဆော်နေသည်။

၈ လေးလုံး နှစ်ပတ်လည်နေ့ ဖြစ်သော ၂၈ ခုနှစ် ဩဂုတ်လတွင် မြန်မာပြည်သားများ လွတ်လပ်ရမည်ဟူသည့် ဆောင်ပုဒ်ဖြင့် စစ်အစိုးရ၏ ယန္တရားပြိုကျသွားရန် ထောက်တိုင်များဖြစ်သော အစိုးရဝန်ထမ်းများမှ နေအိမ်ပြင်ပ မထွက်ဘဲ ဆန္ဒပြရန် ၂၈ ခုနှစ် နှစ်ဆန်း တရက်နေ့မှ စတင်ရန် အမည်ထုတ်ဖော်ခြင်း မရှိသော်လည်း အမှန်တကယ် တည်ရှိသော ပြည်တွင်းအခြေစိုက် အဖွဲ့အစည်းတခုဟု ယုံကြည်ရသော အဖွဲ့က အီးမေလ်တစောင် မဇ္ဈိမထံ ပေးပို့ရာတွင် ဖော်ပြထားသည်။

သူတို့က “နအဖပြောတဲ့ မရေရာ။ မသေချာတဲ့။ မာယာ ပရိယာယ်များတဲ့ တွေ့ဆုံ စကားပြောခြင်းအပေါ် ကျနော်တို့ မစောင့်နိုင်တော့ဘူး၊ ဒီ ဒိုင်ယာလောက်ဆိုတဲ့ ဟာကြီးထဲမှာပဲ နှစ်မွန်း မနေကြသင့်တော့ဘူး၊ ၈ လ။ ၈ ရက်။ ၂၈ ခုနှစ်မှာ ကျနော်တို့တွေ အားလုံး လွတ်လပ်ရေး ရကြရမယ်” ဟူစာထဲတွင် ဖော်ပြထားသည်။

စက်တင်ဘာ လှုပ်ရှားမှု နောက်ပိုင်းတွင် နအဖ စစ်အုပ်စုဝင်များ ထုတ်သော ဂျာနယ်စာစောင်များကို မဝယ်ယူရန်။ နအဖ အလိုတော်ရိများ ပိုင်ဆိုင်သော ကားလိုင်းများကို မစီးနင်းရန်နှင့် ၎င်းတို့ပိုင် ဈေးဆိုင်များတွင် ဈေးမဝယ်ရန် ပြည်သူများကို နိုးဆော် တိုက်တွန်းနေသည့် ယခုလို အဖွဲ့များ ပေါ်ထွက်လာသည်။

အဆိုပါ အဖွဲ့များနှင့် နီးစပ်သူတဦးက “သယ်ယူပို့ဆောင်ရေးဆိုရင် ပါရမီလိုင်း ရှိမယ်ဗျာ။ အဓိပတိ လိုပေ့ါ၊ အစိုးရ ပိုင်ဆိုင်တဲ့ ယာဉ်လိုင်းတွေ ရှိမယ်၊ ပြီးရင်ကြံ့ခိုင်ရေးက ပိုင်တဲ့ ယာဉ်လိုင်းတွေ ရှိမယ်၊ ရွှေသံလွင် ကုမဏီလို ကျောထောက်နောက်ခံရှိတဲ့ ကုမဏီပိုင်တဲ့ ရွှေညှော့သည် ကားလိုင်းတွေကို မစီးဘူး၊ အဲဒါကို စလုပ်နေကြတာ၊ နီးစပ်ရာပေ့ါ၊ အလုပ်နဲ့ နီးတဲ့ဝန်ထမ်းတွေကတော့ လမ်းလျှောက်မယ်၊ ခပ်ဝေးဝေးကဝန်ထမ်းတွေကတော့ သူတို့ပိုင်တဲ့ ကားလိုင်းတွေ မစီးဘဲ တခြားဟာတွေနဲ့ သွားကြပေ့ါ” ဟု ပြောသည်။

သည့်အပြင် စီးပွားရေးဆိုင်ရာ သပိတ်ကြီးကို ပြည်သူများက ဖော်ဆောင်လာရန် အတွက် နအဖနှင့် ပတ်သက်နေသည့် ဈေးဆိုင်များကိုလည်း အဆိုပါ အဖွဲ့များက စာရင်း ပြုစုနေပြီး တိကျပြည့်စုံစွာ ရရှိသည့်အခါ ထုတ်ဖော်၍သပိတ်ကို စတင်လာနိုင်ဖွယ် ရှိသည်ဟု သူက ပြောသည်။

“ဒီလှုပ်ရှားမှုတွေကတော်တော်လေးကို ထိရောက်ပါတယ်၊ ၊ ပြည်တွင်း Small Business တွေကလည်း တော်တော်လေး အရေးပါတယ်ဗျ၊ ဒီ Small Business တွေကို နည်းနည်း လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားအောင် လုပ်နိုင်မယ်ဆိုရင် သူတို့အတွက် တော်တော်လေးကို ဘေးကျပ်နံကျပ် ဖြစ်သွားနိုင်တယ်” ဟု ဗမာပြည်လုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ် (ဗကသ) မှ ကိုကျော်ကိုကိုက ပြောသည်။

သူက ဆက်ပြီး “ဝန်ထမ်းပေါင်းစုံ ပါလာမလားဆိုတာ ကျနော် အတိအကျ ခန့်မှန်းလို့ မရသေးဘူး၊ သိပ်မထင်သေးဘူး၊ ဝန်ထမ်းတွေဆိုတာက စားဝတ်နေရေး ဒုက္ခအပြင် တခြား ချည်နှောင်ထားတဲ့ နှောင်ကြိုးတွေ အများကြီးရှိတာ၊ ဒီတော့ တတ်နိုင်သမျှ သိပ်အရှိန် မယူဘဲနဲ့။ သိပ်မလောဘဲနဲ့ ဖြေးဖြေး အရှိန်ယူကြရင် ကောင်းမယ်ထင်တယ်” ဟု ပြောသည်။

ပြည်တွင်းကလာသည့် ပေးစာထဲတွင် နအဖ စစ်အစိုးရမှ ယခုလ ၃၁ ရက်နေ့ နောက်ဆုံးထားကာ ဖမ်းဆီးထားသည့် သံဃာတော်များ၊ ကျောင်းသားများနှင့် နိုင်ငံရေး အကျဉ်းသားများကို ပြန်လွှတ်ပေးရန်နှင့် သံဃာတော်များကိုဝန်ချတောင်းပန်ခြင်း ပြုရန်လည်း တောင်းဆိုသွားမည်ဟု ဆိုသည်။

## ဖွဲ့စည်းပုံဥပဒေသစ်ရေးဆွဲရေးအတိုက်အခံများပါဝင်ခွင့်ပြု၍ မြန်မာစစ်အစိုးရအားအမေရိကန် အပြစ်တင်

ဗီအိုအေ

၅၊ ဒီဇင်ဘာ၊ ၂၀၀၇

မြန်မာနိုင်ငံရဲ ဥ ဖွဲ့ဥစည်းပုံအခြေခံဥပဒေသစ်ရေးဆွဲရေးမှာ အတိုက်အခံနဲ့ ဥ တိုင်းရင်းသားခေါင်းဆောင်များအား စစ်အစိုးရက ထပ်မံပါဝင်ခွင့် မပြုခဲ့သည့်အတွက် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက အပြစ်တင်ပြောကြားလိုက်ပါတယ်။

နိုင်ငံခြားရေးဝန်ကြီးဌာနမှ အင်္ဂါနေ့က ထုတ်ပြန်ခဲ့သည့် ကြေညာချက်တရပ်တွင် ပြောရေးဆိုခွင့်ရှိသူ ရှောင် မက်ကွန်းမက် (Sean McCormack)က မြန်မာစစ်အစိုးရသည် နိုင်ငံတကာက အဆိုပြုထားသည့် ဘက်ပေါင်းစုံပါ စစ်မှန်သောဆွေးနွေးပွဲတရပ် စတင်ရေး ဆန္ဒမရှိသေးကြောင်း ပြသနေသည်ဟု ပြောဆိုလိုက်ပါသည်။

အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး နီကိုးလပ်စ်ဘန်း (Nicholas Burns)သည်လည်း ယခုသတင်းပတ်အတွင်း ဩစတြေးလျနှင့် စင်္ကာပူ နိုင်ငံများသို့ သွားရောက်ပြီး မြန်မာစစ်အစိုးရသို့ အရှေ့ တောင်အာရှနိုင်ငံများက ပိုမိုဖိအားပေးရေး တိုက်တွန်းပြောဆိုရန်ရှိပါသည်။

အစောပိုင်းကမူ မြန်မာစစ်အစိုးရက အကျဉ်းသား (၈၀၀၀)ကျော်အားလွတ်ငြိမ်းချမ်းသာခွင့် ကြေညာပေးခဲ့ပြီး ကုလသမဂ္ဂအားလေးစားကြောင်းနှင့် မြန်မာ့ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးတွင် တိုးတက်မှုများရှိခဲ့သည့်အထိမ်းအမှတ် ဖြစ်သည်ဟု ပြောဆိုခဲ့ပါသည်။

## တွေ့ဆုံဆွေးနွေးရေးအတွက် ဖွဲ့စည်းပုံရေးဆွဲမှု ရပ်ဆိုင်းရန်လိုအပ်ဟု အတိုက်အခံများပြော

ခေတ်ပြိုင်

ကျော်ထင်၊ ၄ ဒီဇင်ဘာ ၂၀၀၇

နအဖမှ ဆက်ဆံရေးဝန်ကြီးခန့်ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံမှုများ အမှန်တကယ် စတင်နေပြီဆိုပါက လက်ရှိရေးဆွဲနေသော အခြေခံဥပဒေမူကြမ်းရေးဆွဲနေမှုကို ရပ်တန့်ရန် လိုအပ်ကြောင်းထိုင်း-မြန်မာနယ်စပ်အခြေစိုက် အတိုက်အခံခေါင်းဆောင်များက ပြောကြားသည်။

ယမန်နေ့က ပြုလုပ်သည့် ဖွဲ့စည်းပုံရေးဆွဲရေးကော်မရှင် ပထမအကြိမ်အစည်းအဝေးတွင် ညောင်နှစ်ပင်ညီလာခံမှ ချမှတ်သည့်မူများအပေါ် အခြေခံရေးဆွဲသွားမည်ဟု ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်တိုး၏ပြောကြားချက်အပေါ် အတိုက်အခံများက ဝေဖန်ပြောဆိုခြင်း ဖြစ်သည်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ အထွေထွေအတွင်းရေးမှူး ဦးအောင်ထူးက စစ်မှန်သည့်တွေ့ဆုံ ဆွေးနွေးရေးလုပ်ငန်းစဉ်ကို လမ်းဖွင့်ထားမည်ဆိုပါက "အဆင့် (၇) ဆင့် လမ်းပြမြေပုံဆိုတာလည်း ရပ်ရမယ်၊ အဲဒါတွေကို တောက်လျှောက်လုပ်နေပြီးတော့မှ တွေ့ဆုံဆွေးနွေးရေးကို လမ်းဖွင့်ထားတယ်ဆိုတာ လုံးဝအဓိပ္ပာယ်မရှိတာ ဖြစ်တယ်" ဟု ပြောသည်။

ယမန်နေ့က ပြုလုပ်ခဲ့သည့် စစ်အစိုးရသတင်းစာရှင်းလင်းပွဲတွင်လည်း သတင်းထောက်များက ဖွဲ့စည်းပုံမူကြမ်း ရေးဆွဲနေမှု၏ အချိန်ကာလသတ်မှတ်ချက်ကို မေးမြန်းရာတွင် ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အနှောင့်အယှက်အဟန့်အတားမရှိလျှင် သင့်တင့်လျှောက်ပတ်သည့်အချိန်တွင် ပြီးစီးမည်ဟု ပြန်လည်ဖြေကြားခဲ့သည်။

၁၉၉၃ ခုက စတင်ခဲ့သော ညောင်နှစ်ပင်ညီလာခံသည် (၁၄) နှစ်နီးပါးကြာခဲ့ပြီး နအဖသည် ၎င်းတို့စိတ်တိုင်းကျ စစ်တပ်ကြီးစိုးသည့်ဖွဲ့စည်းပုံတရပ်ထွက်ပေါ်လာသည့် အချိန်ကျမှသာ ဖွဲ့စည်းပုံမူကြမ်း ရေးဆွဲရေးလုပ်ငန်းစဉ်ကို အဆုံးသတ်လိမ့်မည်ဟု ဦးအောင်ထူးက ပြောသည်၊

၊ "ဒါက သူတို့ဘက်က စိုက်လိုက်မတ်တတ်သွားနေတဲ့လိုင်းဖြစ်တယ်။ တခြားလိုင်းလည်း မရှိဘူး။ တခြားလိုင်းဆိုရင် လက်လည်းခံမှာမဟုတ်ဘူး၊ ကျနော်တို့မြင်နေတာက တွေ့ဆုံဆွေးနွေးရေး ဆိုတာကလည်း နိုင်ငံတကာနဲ့ ကုလသမဂ္ဂနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ မျက်စိလည်အောင်သာ လုပ်ခြင်းဖြစ်တယ်။ သူတို့သွားနေတာက ရှင်းရှင်းလေးပဲ၊ ချမှတ်ထားတဲ့ (၁၀၄) ချက်မူအတိုင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်အောင် ပြဋ္ဌာန်းတော့ ရေရှည်အုပ်ချုပ်သွားဖို့ပဲလေ" ဟု ၎င်းက ပြောသည်။

တိုင်းရင်းသားလူမျိုးများကောင်စီ အထွေထွေအတွင်းရေးမှူး ဒေါက်တာဆလိုင်းလျံမှူန်းဆာခေါင်း ကလည်း နအဖအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးမှုကို အောင်မြင်အောင်လုပ်ရန်လိုကြောင်း၊ ၎င်းရလဒ်အပေါ် အခြေခံပြီးမှသာ ဖွဲ့စည်းပုံရေးဆွဲရေးလုပ်ငန်းကို လုပ်ကိုင်ရန်လိုအပ်ကြောင်း ပြောသည်။ ၎င်းက "တဘက်က ဘာမှမသိသေးခင် အခြားတဘက်က သူတို့စိတ်တိုင်းကျ ဆွဲပြီးတော့ လုပ်နေ တဲ့သဘောက သူတို့ကဆက်ပြီး အာဏာထိန်းချင်တဲ့သဘောတွေ များလာတယ်" ဟု ပြောသည်၊

မူကြမ်းရေးဆွဲရေးကော်မရှင်ကို ဖွဲ့စည်းဖွဲ့ပြီး ယမန်နေ့က ကော်မရှင်အစည်းအဝေးကို စတင်ပြု လုပ်ခဲ့သည်။

စစ်အစိုးရသည်ပြီးခဲ့သည့် နိုဝင်ဘာ (၁၈) တွင် အဖွဲ့ဝင် (၅၄) ဦးပါသော ဖွဲ့ စည်းအုပ်ချုပ်ပုံ

စက်တင်ဘာအရေးအခင်း နောက်ပိုင်းတွင် ကုလသမဂ္ဂ မှကြားဝင်ဆောင်ရွက်ပေးမှုကြောင့် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံရန် ဆက်ဆံရေးဝန်ကြီးအဖြစ် စစ်အစိုးရက ဦးအောင်ကြည် ကိုခန့်ထားခဲ့ရာ ယခင်လအတွင်း (၃)ကြိမ်တွေ့ဆုံခဲ့ပြီးဖြစ်သည်။

---

## မဂ္ဂင်ဆရာတော်ကို တောင်တွင်းကြီး၊ မြို့သစ် ပို့လိုက်

၂၀၀၇ ၊ ၁၂ ၊ ၀၅

***အာအက်ဖ်အေ***

ရန်ကုန်သင်္ဃန်းကျွန်းမြို့နယ်က မဂ္ဂင်ကျောင်းတိုက်ဆရာတော် ဦးနန္ဒိယကို မြန်မာပြည်အလယ်ပိုင်း မြို့သစ်မြို့ကို စစ်အစိုးရက မြို့သစ်ကို မနေ့က ပို့ဆောင်ခဲ့တယ်လို့ သိရပါတယ်။ ဆရာတော်ကို စောင့်အကြပ်တွေနဲ့ ပို့ခဲ့တာ ဖြစ်ပြီး စစ်ဆေး မေးမြန်းတာတွေလည်း လုပ်ခဲ့တယ်လို့ ဒေသခံ တဦးက ပြောပြပါတယ်။

ဒေသခံတဦး။ ။ ဆရာတော်ကမနေ့က မနက်ရှစ်နာရီခွဲကျော်ကျော်လောက်မှာ မြို့သစ်ကို ရောက်သွားပါပြီ။ သင်္ဃန်းကျွန်းမြို့နယ်က အက်စ်ဘီရယ်၊ မယကရယ် နောက်တခြားအရပ်ဝတ် ၄ ဦးနဲ့ ဘယ်သူတွေလည်းတော့မသိ။

မြို့နယ်မှူးရုံးမှာ ၂နာရီထိ စစ်ဆေးကြတယ်။ မြို့သစ်က စခန်းမှူးရုံးမှာ ပြီးတော့မှ မြို့နယ်မှူးရုံးက စခန်းမှူးရယ်၊ မယကရယ်၊ စအဖက ကိုသန်းနိုင်ဝင်းဆိုတဲ့ ဦးဆောင်တဲ့အဖွဲ့က ကြံ့ဖွံ့တွေ လုံခြုံရေးတွေနဲ့ မြို့သစ်မြို့နယ် ဟိုဖက်မှာရှိတဲ့ ငါးမျက်နှာဘုရားကျေးရွာကို ခေါ်သွားကြပါတယ်။ အဲဒီနားက ကျောင်းမှာထားတယ်။

ဆရာတော်ကို မြို့သစ်မြို့ကနေ ၆ မိုင်လောက်ဝေးတဲ့ ငါးမျက်နှာအနီးက ဘုန်းကြီးကျောင်းကို ပို့ခဲ့ပေမယ် ရန်ကုန်ကနေ အတူပါသွားတဲ့ ကိုရင်လေးကို ၂ ပါးနဲ့ ကပ္ပိယတဦးတော့ အဒီရွာကို ပါလာတာမတွေ့ရဘူးလို့ ဆိုပါတယ်။

ဆရာတော်ကို မဆက်သွယ်ဖို့ အနီးအနားက ရွာတွေကိုလည်း သတိပေးထားပြီး ဘုန်းကြီးကျောင်းကိုလည်း ကြံ့ခိုင်ရေးနဲ့ စွမ်းအားရှင်တွေကို စောင့်ကြည့်ခိုင်းထားတယ်လို့ ဒေသခံကပြောပါတယ်။ ဆရာတော်ဦးနန္ဒိယဟာ သက်တော် ၈၀ နီးပါးရှိပြီဖြစ်ပါတယ်။ သက်တော်ကြီးရင့်ပြီ ဖြစ်တာတကြောင်း စိတ်ထိခိုက်တာ တကြောင်းကြောင့် ကျန်းမာရေး မကောင်းဘူးလို့ သိရပါတယ်။

မဂ္ဂင်ဘုန်းကြီးကျောင်းဟာ အေအိုင်ဒီအက်စ် ဝေဒနာရှင်တွေကို ကူညီစောင့်ရှောက်မှုပေးနေတဲ့ ကျောင်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့လကုန်းပိုင်းက စစ်အစိုးရ အာဏာပိုင်တွေက မဂ္ဂင်ကျောင်းကို အဓမ္မပိတ်ပစ်ခဲ့ပါတယ်၊ အခုအခါ ကူညီစောင့်ရှောက်ရေး အစီအစဉ်တွေလည်း ပျက်စီးကုန်တဲ့အတွက် ဝေဒနာရှင်တွေ အခက်အခဲတွေကြုံနေရပါတယ်။

မဂ္ဂင်ဘုန်းကြီးကျောင်းကို ပြီးခဲ့တဲ့ စက်တင်ဘာ သံဃာလူပ်ရှားမှုကြီးနဲ့ ပတ်သက်တယ်ဆိုပြီးစစ်အစိုးရတပ်တွေက စက်တင်ဘာလအကုန်ပိုင်းမှာ ကျောင်းကို ဝင်ရောက်စီးနင်းခဲ့ပြီး ကျောင်းရှိ သံဃာတော်တွေနဲ့ တည်းခိုနေသူ အေအိုင်ဒီအက် ဝေဒနာရှင်တွေကိုလည်း ဖမ်းဆီးသွားခဲ့ပါတယ်။

အခုနယ်ကို ပြန်ပို့ခံရတဲ့ သက်တော် ၈၀ ရှိပြီဖြစ်တဲ့ ဆရာတော် ဦးနန္ဒိယဟာ အဲဒီစက်တင်ဘာလတုန်းက ဖမ်းဆီးခေါ်ဆောင်သွားတဲ့ ဦးနန္ဒိက ကတော့ အင်းစိန်ထောင်မှာ အဖမ်းခံထားရဆဲဘဲ ဖြစ်ပါတယ်။

## သံဃာ့မဟာနာယကအဖွဲ့ဟာ အဂတိတရားလေးပါးကို ကျူးလွန်နေတယ်လို့ ရဟန်းပျိုများသမဂ္ဂအဖွဲ့ စွပ်စွဲ

၂၀၀၇၊ ၁၂၊ ၀၅

***အာအက်ဖ်အေ***

မကြာသေးခင်ကရက်ပိုင်းက ရန်ကုန်မြို့ သင်္ဃန်းကျွန်း မဂ္ဂင်ကျောင်းတိုက်ကို အာဏာပိုင်တွေက ချိပ်ပိတ်ရာမှာ သံဃာမဟာနာယကအဖွဲ့ (မဟန) မှလည်း တာဝန်ရှိပြီး အာဏာပိုင်တွေကလည်း ဝိနည်းမိုရ်အဖွဲ့ရဲ့ဓမ္မစက်နဲ့ အရေးယူပိုင်ခွင့်ကို ကျော်လွန်ပြီး မတရားအာဏာစက်ကို အသုံးပြုနေတဲ့အကြောင်း ဒါ့အပြင် သံဃာ့မဟာနာယကအဖွဲ့ဟာ အဂတိတရားလေးပါးကို ကျူးလွန်နေတယ်လို့ အိန္ဒိယအခြေစိုက် မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုများ သမဂ္ဂအဖွဲ့က ပြင်းပြင်းထန်ထန် စွပ်စွဲရှုတ်ချလိုက်ပါတယ်။

နိုင်ဘာလ ၂၉ ရက်နေ့က အာဏာပိုင်တွေက မဂ္ဂင်ကျောင်းတိုက်ကို ချိတ်ပိတ်လိုက်တာနဲ့ ပတ်သက်ပြီး အိန္ဒိယ အခြေစိုက် ဒီမိုကရေစီအင်အားစုတွေနဲ့ ပူးပေါင်းပြီး ကန့်ကွက်ဆန္ဒပြခဲ့ရာမှာ ရဟန်းပျိုများ သမဂ္ဂအဖွဲ့က အခုလို ဝေဖန်ပြစ်တင်ခဲ့တာ ဖြစ်ပါတယ်။ ကြေမွစုတ်ပြဲနေတဲ့ သံဃာအလံပုံရေးဆွဲထားတဲ့ ပန်းချီကားချပ်တွေကို ရဟန်းသုံးပါးက ကိုင်ဆောင်ပြီး ဒီမိုကရေစီရေး လှုပ်ရှားသူ လေးဆယ်ကျော်လောက်ဟာ ဓမ္မအန္တရာယ် အစိုးရ ချေမှုန်းကြ၊ လူသတ်အစိုးရ ကျဆုံးပါးစေ ဆိုတဲ့ ကြွေးကြော်သံတွေကို ဟစ်အော်ပြီး ဒီနေ့မနက် ၁၁ နာရီလောက်က နယူးဒေလီမြို့ ပါလီမန်လမ်းနံဘေးမှာ မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုများ သမဂ္ဂ အနောက်ဘက် ဒေသကဦးဆောင်ပြီး ဆန္ဒပြခဲ့တာဖြစ်ပါတယ်။

ဒီဆန္ဒပြပွဲကို ဦးဆောင်ခဲ့တဲ့ ဆရာတော် ဦးပညာဝရက ဘာကြောင့် ဆန္ဒပြရတယ်ဆိုတာကို အခုလို မြွတ်ကြားသွားပါတယ်။

ဆရာတော် ဦးပညာဝရ။ ။ ဝိနည်းသိက္ခာပုဒ်ကိုလည်း ကျူးလွန်တာ မဟုတ်ဘူး၊ နောက်ပြီးတော့ ဥပဒေကို ချိုးဖောက်တာလည်း မဟုတ်ဘူး၊ ဘာအပြစ်မှမရှိပဲနဲ့ ကျောင်းတိုက်ကို ချိတ်ပိတ်အဲဒီက ကိုယ်တော်ကို နှင်ထုတ်ပြီးတော့ သံဃာတွေအတွက်လည်း နေရာထိုင်ခင်း စီစဉ်မပေးဘူး အဲဒီလိုပိတ်မယ်ဆိုလို့ရှိရင် သူတို့ကို ဆန့်ကျင်တဲ့ကျောင်းတွေကို မထင်ရင်မထင်သလိုပိတ်နေတော့မှာပေါ့လေ။ ပြောရမယ်ဆိုလို့ရှိရင် သူတော်ကောင်းတရားတွေ မပျောက်ကွယ်အောင်၊ မသူတော် တရားတွေပိုပြီးတော့ ကြီးထွားမလာခင် အချိန်မီ ဟန့်တားနိုင်အောင် ဆန္ဒပြတာပေါ့။

ဆက်လက်ပြီးတော့ ဆရာတော် ဦးပညာဝရက မဂ္ဂင်ကျောင်း တာဝန်ရှိသံဃာတော်တွေက သက်ဆိုင်ရာ သံဃာနာယကအဖွဲ့ကို အကြောင်းကြားလျှောက်ထားပေမယ့် သံဃာနာယက (မဟန) အဖွဲ့က အာဏာစက်နဲ့ လုပ်တာမို့ တားလို့မရပါဘူးလို့ တုံ့ပြန်ခဲ့တာဟာ တာဝန်မဲ့လွန်းတဲ့အကြောင်း သံဃအရေးကိစ္စကို မဟနရဲ့ ဝိနည်းမိုရ်အဖွဲ့က ဝိနည်းလမ်းကြောင်းနဲ့အညီ ဓမ္မစက်နဲ့ ဖြေရှင်းအရေးယူရမှာဖြစ်ပေမယ် မဟနဟာ အဂတိတရားလေးပါးကို လိုက်စားပြီး အမှန်တရား မျက်ကွယ်ပြုထားတယ်လို့ ဝေဖန်မိန့်ကြားသွားပါတယ်၊

ဆရာတော်ဦးပညာဝရ။ ။ သံဃာတော်တွေက သမုတိဆန္ဒပေးပြီးတော့ သာသနာ့အရေးဆောင်ရွက်ဖို့ရာအတွက် သူတို့ကို ဆန္ဒမဲပေးထားတာပါ ။ အဂတိတရား လေးပါးကင်းကင်းနဲ့ နိုင်ငံတော် မဟာသံဃာ့နာယကအဖွဲ့က ဝိနည်းနဲ့အညီ သာသနာအရေးမှာ မှန်မှန်ကန်ကန် ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသား ဆောင်ရွက်ရမဲ့ တာဝန်ရှိပါတယ်။ အခုတော့ အဂတိတရားလိုက်စားပြီးတော့ မသိကျိုးကျွံ ပြုနေတာဟာ မဖြစ်သင့်တဲ့ကိစ္စပေါ့။ ဒီအဓမ္မအမှုကြီးကို မသိကျိုးကျွံပြုပြီးတော့ မျက်စေ့မှိတ်နေတယ်ဆိုရင် သာသနာဟာ တဖြည်းဖြည်း လုံးပါးပါးသွားမှာပဲ။ ဒီသာသနာဟာ မြတ်စွာ ဘုရားရဲ့သာသနာဖြစ်တယ်။ နအဖ သာသနာမဟုတ်ဘူး ဒါကြောင့်မို့လို့ နအဖအလို လိုက်စရာမလိုဘူး။ မြတ်စွာ ဘုရားရဲ့ သာသနာတော်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ မြတ်စွာ ဘုရားရဲ့ ဝိနည်းဓမ္မတိုင်းပဲ နိုင်ငံတော် သံဃာမဟာနာယက ဆရာတော်ကြီးတွေက ရဲရဲဝံ့ဝံ့ရပ်တည်ဖို့ လိုအပ်ပါတယ်။ သာသနာရဲ့မျက်နှာကို ကြည့်ရပါမယ်။ မြတ်စွာဘုရားရှင်ရဲ့ မျက်နှာကို ကြည့်ရပါမယ်။

ပြီးခဲ့တဲ့ နိုဝင်ဘာလ (၂၉)ရက်နေ့က ရန်ကုန်မြို့၊ သင်္ဃန်းကျွန်း မဂ္ဂင်ကျောင်းတိုက်ကို အာဏာပိုင်တွေက ချိပ်ပိတ်ခဲ့သလို အောက်တိုဘာ လဆန်းပိုင်းကလည်း မင်္ဂလာတောင်ညွန့်မြို့နယ် ပဲခူးကျောင်း (သိမ်ကျောင်းဆောင်)ကိုလည်း ချိတ်ပိတ်ခဲ့ပါတယ်လေ။ ဒါ့အပြင် ရန်ကုန်မြို့ ခြောက်ထပ်ကြီး မြန်မာ့ ဂုဏ်ရည် ကျောင်းတိုက်လည်း ချိတ်ပိတ်ခံခဲ့ရတယ်လို့ အိန္ဒိယအခြေစိုက် မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုများ သမဂ္ဂအဖွဲ့က သတင်းထုတ်ပြန်ပါတယ်၊ သံဃာ့မဟာနာယက (မဟန) အဖွဲ့ ဆရာတော် ၄၇ ပါးရှိတဲ့အထဲမှာ တရားသဖြင့်ရပ်တည်နေတဲ့ ဆရာတော်က ၅၀ ရာခိုင်နှုန်းတောင်မရှိတဲ့ အကြောင်း အမှန်တရားကို လိုလားတဲ့ သံဃာတော်အနည်းအကျဉ်းနဲ့ သာသနာတော် တည်တံ့ခိုင်မြဲရေးအတွက် မလုပ်နိုင်တဲ့ အဖွဲ့အစည်းဖြစ်တာကြောင့် မတရားတဲ့ အဖွဲ့အစည်းကနေ နုတ်ထွက်သင့်ပြီလို့လည်း ရဟန်းပျိုများ သမဂ္ဂက တိုက်တွန်းခဲ့ပါတယ်။

ဒီကနေ့ပြုလုပ်တဲ့ ဆန္ဒပြပွဲမှာ ခရစ်ယာန်နဲ့ မူဆလင် ဘာသာရေးအဖွဲ့အစည်းခေါင်းဆောင်တချို့လည်းပါဝင်ပြီး အင်အားကြီးမားတဲ့ ဗုဒ္ဓသာသနာဂုဏ်ရည်ရှိန်ဝါ မှေးမှိန်အောင် စစ်အစိုးရရဲ့ ဆောင်ရွက်ချက်တွေဟာ အားနည်းတဲ့ ခရစ်ယာန်နဲ့ မူဆလင် ဘာသာဝင်တွေအတွက်ပါစိုးရိမ်စရာဖြစ်တဲ့ အကြောင်း ဒါ့ကြောင့် မြန်မာပြည်တွင်းက ဘာသာပေါင်းစုံ စုစည်းညီညွတ်မှုနဲ့ ဘုံရန်သူ စစ်အာဏာရှင်စနစ်ကို သတိမပြတ် တော်လှန်သွားဖို့ လိုအပ်တယ်လို့လည်း ခရစ်ယာန်နဲ့ မူဆလင် ဘာသာရေးခေါင်းဆောင်တွေက ပြောဆိုသွားပါတယ်၊

---

**✻ဓမ္မသည် အဓမ္မကို နိုင်မြဲ။✻**

## ဒေါ်အောင်ဆန်းစုကြည် အိမ်ရှေ့တွင် အဝေယာ ဟောန္တု ဆိုတဲ့စာတမ်း ချိတ်ဆွဲထား

၂၀၀၇၊၁၂၊၀၉

***အာအက်ဖ်အေ***

ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ်ခြံဝန်းတံခါးအထက်မှာ အဝေယောဟောန္တု ဆိုတဲ့ စာတမ်းကို အဝတ်ဖြူပိတ်စကြီးပေါ်မှာ အနက်ရောင်နဲ့ ရေးသားပြီးတော့ ချိတ်ဆွဲထားတာကို မြင်ရတယ်လို့ ခြံဝင်းရှေ့က ဖြတ်သွားသူတွေက အာအက်ဖ်အေ ကို ပြောပြပါတယ်။

အဝေယာဟောန္တု ဆိုတဲ့စာတမ်းကို အနံ ၃ပေ အလျား ၁၀ ပေလောက်ရှိတဲ့ ပိတ်ဖြူစပေါ်မှာ လက်ရေးနဲ့ရေးထားတာဖြစ်ပြီး အနက်ရောင်စာလုံးတွေရဲ့ အရွယ်အစားကတော့ လက်ဘက်ရည်အချိုပန်းကန်ပြားခန့်ရှိတယ်လို့ မြင်တွေ့ခဲ့သူတွေက အာအက်ဖ်အေကို ပြောပါတယ်။ ထိုင်းနိုင်ငံတောင်ပိုင်း ဖန်ငရိုင်မှာ သီတင်းသုံးနေထိုင်ပြီး မြန်မာလူထု အကျိုး သယ်ပိုးနေတဲ့ ဆရာတော် အရှင်ကုမာရကတော့ ဒါဟာ မြန်မာပြည်သူတွေကို ဘေးရန်ခပ်သိမ်း ကင်းရှင်းစေဖို့ ဒေါ်အောင်ဆန်းစုကြည်က ဆုတောင်းမေတ္တာပို့သလိုက်တာပဲလို့ အာအက်ဖ်အေကို မိန့်ကြားလိုက်ပါတယ်။

ဆရာတော် အရှင်ကုမာရ။ ။အဝေယာဟောန္တု၊ အဗျာပဇ္ဈာဟောန္တုဆိုတာ မေတ္တာပို့တဲ့စကားပဲ ဒကာ ကြီးအဝေရာဆိုတာကတော့ ဘေးကင်းကြပါစေ။ အန္တရာယ်ကင်းကြပါစေဆိုတဲ့ စကားပဲ၊ ဘာသာပြန်မယ်ဆိုရင် ဒါမေတ္တာပို့တဲ့ စကားပဲ။

အဲဒီ အဝေယာဟောန္တုဆိုတဲ့ စာတမ်းကို ပြီးခဲ့တဲ့ စက်တင်ဘာလာ သံဃာထုဦးဆောင်တဲ့ ဒီမိုကရေစီ လှုပ်ရှားမှုအတွင်းကပင် ဒေါ်အောင်ဆန်စုကြည်ရဲ့ ခြံဝင်းတခါးဝမှာ အနီရောင်ပိတ်စကြီးပေါ်မှာ စက္ကူနဲ့ ကပ်ထားတာကို မြင်ခဲ့ရတယ်လို့ ရန်ကုန်မြို့ခံတချို့က အာအက်ဖ်အေကို ပြောပါတယ်။ အင်န်အယ်လ်ဒီပါတီဝင် တယောက်ကတော့ အဲဒီအနီရောင်ပိတ်စဟာ ပါတီရဲ့ နဖူးစည်းဟောင်းတခုဖြစ်ပြီး ဒီမိုကရေစီစနစ်သာလျှင် နိုင်ငံနဲ့ထိုက်တန်သည် ဆိုတဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဟိုတုန်းကမိန့်ခွန်းကို ရေးသားထားခဲ့တယ်လို့ ပြောပါတယ်။ စနေနေ့က မြင့်တွေ့ခဲ့ရတဲ့ ရန်ကုန်မြို့ခံတွေကတော့ အခုတွေ့ခဲ့ရတဲ့ အောက်ခံပိတ်စဟာ အနီရောင်မဟုတ်ပဲ အဖြူရောင်ဖြစ်ကြောင်း ပိတ်စကတော့ ခပ်ဟောင်းဟောင်းဖြစ်ပြီး အဝေယာ ဟောန္တု ဆိုတဲ့ အနက်ရောင် စာလုံးတွေကကော့မကြာခင်ကမှ ရေးသားထားတယ်လို့ ယူဆရကြောင်း အာအက်ဖ်အေကို ပြောပါတယ်။

---

## ဆန္ဒပြပွဲ၌ ရိုက်သတ်ခံခဲ့ရသူ၏ မိဘများကို နအဖအာဏာပိုင်များက တရားစွဲ

ဒီဗွီဘီ၊ ဒီစင်ဘာ၊ ၁၀၊ ၂၀၀၇

ဆန္ဒပြပွဲ၌ ရိုက်သတ်ခံခဲ့ရသူ၏ မိဘများကို နအဖအာဏာပိုင်များက တရားစွဲ ဒီဗွီဘီ၊ ၁၀ ဒီဇင်ဘာ ၂၀၀၇ ထက်အောင်ကျော် စက်တင်ဘာဆန္ဒပြပွဲအတွင်း

မြန်မာစစ်အစိုးရ လက်နက်ကိုင်တပ်ဖွဲ့တွေရဲ့ အကြမ်းဖက်ရိုက်နှက်မှုကြောင့် သေဆုံးခဲ့ရသူ ကိုကိုဝင်းရဲ့ ကျန်ရစ်သူမိဘတွေကို သတင်းပို့ဖို့ပျက် ကွက်မှုနဲ့ အာဏာပိုင်တွေက တရားစွဲဆိုထားပါတယ်။

ပ ၊ ဒ ်င် မ – ၁ ၇ ၆

ဆန္ဒပြပွဲအတွင်းဒဏ်ရာရသူကို အာဏာပိုင်တွေထံမအပ်ဘဲ သတင်းထိမ်ချန်မှုနဲ့ ပြီးခဲ့တဲ့အပတ်မှာ တရားစွဲခံရတာဖြစ်ပြီး ရန်ကုန်တောင်ဉက္ကလာပမြို့နယ် ဒုတိယတရားသူကြီး ဒေါ်တင်သန်းကိုယ်တိုင်ကြားနာနေတယ်လို့ ကိုကိုဝင်းရဲ့မိတ်ဆွေ တဦးက ပြောပါတယ်။ စက်တင်ဘာဆန္ဒပြပွဲအတွင်း အကြမ်းဖက်ရိုက်နှက်ခံရမှုကြောင့် ဒဏ်ရာပြင်းထန်စွာရရှိသွားတဲ့ ကိုကိုဝင်းကို တလနီးပါး လျှို့ဝှက်ဆေးဝါးကုသနေတာကို ဒေသခံ အာဏာပိုင်တွေ မသိရကောင်းလားဆိုပြီး အထက်အာဏာ ပိုင်အဖွဲ့က ထုချေလွှာတောင်းရာကနေစတင်ပြီး အာဏာပိုင်တွေဘက်က အခုလို တရားစွဲလိုက်တာဖြစ်ပါ တယ်။ အသက် (၂၂) နှစ်အရွယ် ကိုကိုဝင်းဟာ တောင်ဉက္ကလာပမြို့နယ် (၁၂) ရပ် ကွက်၊ မာဃ (၁၄) လမ်းနေ အဖဦးငွေဝင်း အမိဒေါ်ဝင်းဝင်းမြင့်တို့ရဲ့ သားသမီး (၅) ယောက်အနက် အကြီးဆုံးသားဖြစ်ပါတယ်။ ကိုကိုဝင်းဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လူငယ်အဖွဲ့ဝင်ဖြစ်ပြီး ပြီးခဲ့တဲ့ စက်တင်ဘာဆန္ဒပြပွဲမှာ တက်တက်ကြွကြွပါဝင်ခဲ့ပါတယ်။

စက်တင်ဘာ (၂၇) ရက် ဆူလေးစေတီအနီး ဆန္ဒပြနေစဉ်လုံထိန်းရဲတပ်ဖွဲ့ဝင် တွေနဲ့ စွမ်းအားရှင်တွေက အကြမ်းဖက်ရိုက်နှက်တာကြောင့် ကိုကိုဝင်း အပြင်းအထန် ဒဏ်ရာရသွားပါတယ်။ ဆေးရုံတက်ကုရင် အဖမ်းခံရမှာစိုးရိမ်လို့ တလကျော်လျှို့ဝှက် ကုသနေရင်း နိုဝင်ဘာ (၃) ရက်မှာသေဆုံးသွားရပါတယ်။ ကြိတ်ပြီးလျှို့ဝှက်ဆေးကုတာ၊ သေဆုံးသွားတာတွေကို အာဏာပိုင်များက မသိလိုက်ဘဲ နိုဝင်ဘာ (၃၀) ရက် တလပြည့်ဆွမ်းသွတ်ပွဲကျမှ သိလိုက်ရတဲ့အတွက် ဒေသခံအာဏာပိုင်တွေကို အထက်အာဏာပိုင်များက ထုချေလွှာတောင်းတာဖြစ်ပါ တယ်။ စက်တင်ဘာဆန္ဒပြပွဲအတွင်း သေဆုံးသူ အနည်းဆုံး (၃၁) ဦးရှိပြီး သေဆုံးသူ စာရင်းအတိအကျနဲ့ ဖမ်းဆီးပျောက်ဆုံးစာရင်းတွေကို ထုတ်ပြန်ပေးဖို့ ကုလသမဂ္ဂ လူ့အခွင့်ရေးအထူးကိုယ်စားလှယ် မစ္စတာပီညဲရိုးက နအဖစစ်အစိုးရကို တောင်းဆိုနေစဉ် မှာ သေဆုံးသူကိုကိုဝင်းရဲ့ မိဘများကို နအဖအာဏာပိုင်များက တရားစွဲလိုက်တာဖြစ် ပါတယ်။

---

## မြန်မာပြည်လူ့အခွင့်အရေးအတွက် ပြည်သူအားလုံး ကြိုးပမ်းရန် တိုက်တွန်း

ဒီဗွီဘီ၊ ၁၀ ဒီဇင်ဘာ ၂၀၀၇ မောင်တူး

မြန်မာပြည်မှာလူ့အခွင့်အရေးချိုးဖောက်မှုတွေ အများအပြားပဲရှိနေဆဲဖြစ်ပြီး လူ့အခွင့်ရေးရရှိရေး အတွက် ပြည်သူအားလုံး ဝိုင်းဝန်းလုပ်ဆောင်ဖို့ လိုအပ်တယ်လို့ လူ့အခွင့်ရေးကာကွယ်မြှင့်တင် သူများကွန်ရက် HRDP ခေါင်းဆောင် ဦးမြင့်အေးက အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့မှာပြောကြားပါတယ်။

“ဗမာပြည်မှာလူ့အခွင့်အရေးတွေပေါ်ထွန်းလာဖို့ ကျနော်တို့ချည်းပဲလုပ်လို့မရပါဘူး။အားလုံးအားလုံးဟာ ဝိုင်းပြီးတော့ဒါနားလည်မှုရှိရမယ်၊ သိရမယ်၊ တောင်းဆိုကြမယ်၊ ကာကွယ်ကြမယ်။လူတိုင်းလူတိုင်းဟာအဲဒီအသိတရားတွေ အဲဒီရပ်တည်ချက်တွေ

ရှိကြမယ်ဆိုလို့ရှိရင် ကျ နော်တို့ နိုင်ငံရဲ့ လူ့အခွင့်အရေးအောင်ပွဲဟာ မလွဲမသွေ ရောက်လာလိမ့်မယ်လို့ ကျနော်ယုံကြည်ပါ တယ်ခင်ဗျာ။" HRDP (Human Rights Defenders and Promoters) က ဦးစီးတဲ့ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့အခမ်းနားကို ရန်ကုန် ကြည့်မြင့်တိုင်မြို့နယ်က HRDP ခေါင်းဆောင် ဦးမြင့်အေးရဲ့နေ အိမ်မှာ ဒီနေ့ အကျဉ်းရုံးကျင်းပပါတယ်။ ဒီမနက် (၉) နာရီကနေ (၁၀) နာရီခွဲအထိကျင်းပတဲ့အခမ်းနားကို နယ်မြို့အသီးသီးက HRDP အဖွဲ့ဝင်တွေနဲ့ အမေရိကန် သံအရာရှိတွေအပါအဝင် ပရိသတ် (၁၀၀) နီးပါး တက်ရောက်ပါတယ်။ စိတ်ပါဝင်စားတဲ့ ပြည်သူတွေအပြင် ပြည်ခိုင်ဖြိုး(ကြံ့ဖွံ့ဖြိုး) အဖွဲ့ဝင်တွေလည်း ပါဝင်တက်ရောက်ပါတယ်။ အခမ်းအနားမှာ HRDP ခေါင်းဆောင် ဦးမြင့်အေးက သဘာပတိ မိန့်ခွန်း ပြောကြားပါ တယ်။ (သတင်းအဆုံးမှာ သီးခြားဖော်ပြထားပါတယ်။)

အာဏာပိုင်တွေဘက်က ဖမ်းဆီးနှောင့်ယှက်တာမရှိပေမယ့် လွန်ခဲ့တဲ့ ရက်ပိုင်းကတည်းက အာဏာပိုင်တွေက သတိပေးတားမြစ်မှုတွေ ရှိခဲ့တာကြောင့် အခမ်းအနားကို စိုးရိမ်စိတ်နဲ့ ကျင်းပ ရတယ်လို့ HRDP အဖွဲ့ဝင်တဦးက ပြောပါတယ်။ "စွမ်းအားရှင်ဆိုတဲ့လူပေါ့၊ သူတို့ကိုယ်သူတို့ ပြည်သူတွေပါလို့ ပြောတဲ့လူတွေလေ၊ သူတို့ (၄) ယောက်လောက်လာပြီးတော့ အခမ်းအနားကိုဝင်တက်တယ်ဗျ။ အေးအေးချမ်းချမ်းပါပဲ။" ဒါပေမဲ့ အခမ်းအနားအနီး ကားလမ်းမပေါ်မှာ ဒိုင်နာကား (၂) စီးစာခန့် စွမ်းအားရှင်ဆိုသူများအပြင် ဆိုင်ကယ်စီး အာဏာပိုင်တွေက စောင့်ကြည့်နေပြီး အခမ်းအနား တက်ရောက်လာသူများကို ဓါတ်ပုံလိုက်ရိုက်တာရှိတယ်လို့ ဆက်လက်ပြောပြပါတယ်။

"ဝမ်းနည်းစရာကောင်းတာပေါ့ဗျာ။ ပျော်ပျော်ရွှင်ရွှင်နဲ့ကျင်းပရမယ့် အခမ်းအနားမျိုးပါ။ အခုဟာက ကြောက်ကြောက်လန့်လန့်နဲ့ လုပ်နေရတယ်၊ တထိတ်ထိတ်နဲ့လုပ်နေရတယ်ဆိုတာက ဝမ်းနည်းစရာကောင်းတာပေါ့ဗျာ။ ကျနော်တို့တိုင်းပြည်အခြေအနေကြောင့် ဒီလိုဖြစ်နေတာပဲ။" HRDP က ထုတ်ပြန်ဖတ်ကြားတဲ့ ကြေညာချက်မှာ လူ့အခွင့်ရေးကိုလေးစားလိုက်နာဖို့ စစ်အစိုးရကို တောင်းဆိုချက်တွေ ပါဝင်ပါတယ်။ အာရှလူ့အခွင့်အရေးအဖွဲ့နဲ့ ၈၈ မျိုးဆက်ကျောင်း သားတွေရဲ့ သဝဏ်လွှာတွေကို ဖတ်ကြားကြပါတယ်။ ရခိုင်၊ ဇီးကုန်း၊ နတ်တလင်း၊ ရန်ကုန်၊ ဘိုကလေး၊ ပုသိမ် စတဲ့ဒေသကြီး (၆) ခုက လူ့အခွင့် ရေးဆိုင်ရာအစီရင်ခံစာတွေကို ကိုယ်စားလှယ်သီးသီးက ဖတ်ကြားပါတယ်။ HRDP ခေါင်းဆောင် ဦးမြင့်အေး၏ သဘာပတိမိန့်ခွန်း ကောက်နုတ်ချက် အင်မတန်ဝမ်းနည်းစရာကောင်းတဲ့အဖြစ်ဆိုးကြီးကို ကျနော်တို့တိုင်းပြည်မှာ ဖြတ်သန်းခဲ့ရတယ်။ ဒါတွေဟာ လူ့အခွင့်အရေး ချိုးဖောက်မှုကြောင့်ဖြစ်တယ်။ အနိုင်အရှုံးဆိုတာက လူတွေကို ထောင်ထဲမှာ ထည့်ထားမယ်၊ ပြီးတော့ နိုင်ငံတည်ငြိမ်အေးချမ်းမှုလို့ပြောမယ်၊ ကိုယ့်အမျိုးသားအချင်းချင်း သတ်ဖြတ်ပြီးတော့ ဒါတွေကိုအောင်ပွဲလို့ ပြောမယ်။ ဒါတွေဟာမမှန်ပါဘူး။ ဒီ မိတကွဲ ဖတကွဲ အခြေအနေတွေ၊ စိုးရိမ်ကြောက်လန့်နေရတဲ့ အခြေအနေနဲ့ အမျိုးသားအချင်းချင်း ချစ်ကြည်စည်းလုံးမှု ပြန်လည်သင့်မြတ်နိုင်ရေးကို ပြန်လည် တည်ဆောက်နိုင်လိမ့်မယ်လို့ ကျနော်မယုံကြည်ဘူးလေ။

ဒီလူ့အခွင့်အရေးအောင်ပွဲဆိုတာ ဘာလဲဆိုတာကို သာတူညီမျှ ဥပဒေရဲ့ အရိပ်အာဝါသအောက်မှာ ဒါဟာဒီဥစ္စာကို ကျနော်တို့ အမျိုးသား အောင်ပွဲကိုဆောင်ကြဉ်းနိုင်လိမ့်မယ်လို့ ကျနော်တို့ ယုံကြည်ပါတယ်။ အဲဒီလူ့အခွင့်အရေး ချိုးဖောက်မှုကြီးတွေဟာ သမိုင်းမှာ အမည်းစက် တင်ကျန်ခဲ့လိမ့်မယ်။ အဲဒီမှာ ကျနော်တို့လည်း တာဝန်မကင်းဘူးလို့ ခံစားရတယ်။ ဒါကြောင့်မို့လို့ ကျနော်တို့ တိုးတက်ပြီးတော့လုပ်ပါ့မယ်။ ကျနော်တို့ ညံ့လို့ ဒီလိုဖြစ်တာ၊ ကျနော်တို့တွေမကောင်းလို့ ဒီလိုဖြစ်တာ၊ ကျနော်တို့တွေဟာ လူ့အခွင့်အရေး အသိတရားတွေ တည်ဆောက်နေတဲ့နေရာမှာ အားနည်းနေလို့ ဒီလိုဖြစ်တာလို့ ကျနော်တို့က ယုံကြည်တယ်လေ။ အဲဒီအတွက် ကောင်းလာအောင် လုပ်မယ်လို့ ကျနော်ပြောတာပါ၊ ဒီလို တနှစ်တခါ HRDP လူ့အခွင့်အရေး၊ ဒီလိုနေ့မျိုးမှာ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး နေ့ အခမ်းအနားကို နိုင်ငံတကာနည်းတူ ဗမာပြည်မှာ ငါတို့ ကျင်းပနိုင်တယ် ဆိုတာကို ဗမာပြည်ရဲ့ ဂုဏ်သိက္ခာ၊ ဗမာလူမျိုးတွေရဲ့ ဂုဏ်သိက္ခာ၊ ဗမာပြည်ရဲ့အစိုးရရဲ့ ဂုဏ်သိက္ခာ၊ ဗမာပြည်ရဲ့ နိုင်ငံရေး ပါတီရဲ့ ဂုဏ်သိက္ခာလို့ ဒါကိုကျနော်မြင်တယ်ဗျာ။ အဲဒီတော့ ကျနော် ကျင်းပခွင့်ရတဲ့အ တွက် ကျနော်ဂုဏ်ယူနေပါတယ်။■

---

## မြန်မာစစ်အစိုးရကိုသည်းခံနိုင်စွမ်းကုန် ခမ်းလာပြီဟုကုလသမဂ္ဂအကြီးအကဲပြောကြား

***ဒီဗွီဘီ၊ ၁၀ ဒီဇင်ဘာလ၊၂၀၀၇***

မြန်မာစစ်အစိုးရကို သည်းခံနိုင်စွမ်းကုန်ခမ်းလာပြီဟု ကုလအကြီးအကဲပြောကြား ဒီဗွီဘီ၊ ၁၀ ဒီဇင်ဘာ ၂၀၀၇ ထက်အောင်ကျော် မြန်မာစစ်အစိုးရရဲ့လုပ်ပုံကိုင်ပုံတွေဟာ နိုင်ငံတကာအသိုင်းအဝန်းက သည်းမခံနိုင်အောင် ဖြစ်လာနေ ပြီလို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက သတိပေးပြောကြားလိုက်ပါတယ်။ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းမှာကျင်းပနေတဲ့ ရာသီဥတုညီလာခံကိုအသွား

မြန်မာ့အိမ်နီးချင်း ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာ ခေတ္တရပ်နားပြီး ထိုင်းဝန်ကြီးချုပ်နဲ့တွေ့ဆုံပြီးတဲ့နောက် ဒီလိုပြောကြားတာ ဖြစ်ပါတယ်။ "ကျနော်တို့ရဲ့သည်းခံနိုင်မှုတွေ ကုန်ခမ်းလာနေပါပြီ။ မြန်မာအာဏာပိုင်တွေကို ကျနော်တိုက်တွန်းလိုတာကတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ မြန်မာထိပ်တန်းခေါင်းဆောင်တွေအကြား ဆွေး နွေးမှုမြန်မြန်လုပ်ပါ၊ လူ့အခွင့်ရေးကိုအပြည့်အဝကာကွယ်ပေးပါ၊ အဲဒီကတဆင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေး ဆီ မြန်မြန်သွားဖို့ဖြစ်ပါတယ်။"

ဒါတွေကို မြန်မာအာဏာပိုင်တွေ အသေချာစဉ်းစားဆုံးဖြတ်ဖို့လိုပြီ၊ ပြင်ပကမ္ဘာနဲ့ နှစ်ပေါင်းများစွာ အဆက်ဖြတ်ခံထားရတဲ့ မြန်မာပြည်သူတွေနဲ့ အစိုးရအတွက် ခုအချိန်ဟာ နိုင်ငံတကာနဲ့ ပူးပေါင်း ဆောင်ရွက်ပြီး ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ကြိုးပမ်းသင့်တဲ့အချိန်ဖြစ်တယ်လို့လည်း ဘန်ကီမွန်းက ပြောပါတယ်။ မစ္စတာဘန်ကီမွန်းအနေနဲ့ အပြောသာမဟုတ်ဘဲ စစ်အစိုးရကို ဒီထက်မက ထိထိရောက်ရောက် အရေးယူပေးစေလိုကြောင်း ဘန်ကောက်မှာရှိတဲ့ မြန်မာ့ဒီမိုကရေစီအင်အားစုတွေက ကုလသမဂ္ဂ ရုံးရှေ့မှာ ဒီနေ့ဆန္ဒပြကြပါတယ်။ လူအင်အား (၁၀၀) ကျော်က ဆန္ဒပြတာဖြစ်ပါတယ်။ ■

---

# နှစ်ရှည်ထောင်ကျ ရှမ်းခေါင်းဆောင်များ ကျန်းမာရေးအခြေနေဆိုးရွားနေ

*ဒီဗွီဘီ၊ ၁၀ ဒီစင်ဘာလ၊၂၀၀၇*

နှစ်ရှည်ထောင်ကျရှမ်းခေါင်းဆောင်များ ကျန်းမာရေး အခြေနေဆိုးရွားနေရှမ်းအမျိုးသားအခွင့်ရေးတောင်းဆိုမှု၊ အမျိုးသား ညီလာခံကို ဆန့်ကျင်မှုတို့ကြောင့် ထောင်ဒဏ် နှစ် (၁၀၀) ကျော်အထိ ပြစ်ဒဏ်ကျခံနေရတဲ့ ရှမ်းခေါင်းဆောင် (၈) ဦးအနက် ပခုက္ကူထောင်ရှိ စိုင်းညီမိုးရဲ့ ကျန်းမာရေးအခြေနေ အဆိုးဆုံးဖြစ်နေတယ်လို့ ရှမ်းအမျိုးသားမျာ း ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ပြော ခွင့်ရပုဂ္ဂိုလ် စိုင်းလိတ်က ပြောကြားပါတယ်။

အသက်(၄၀)ဝန်းကျင်သာရှိသေးတဲ့ ကျောင်းသားခေါင်းဆောင်တဦးဖြစ်သူ စိုင်းညီမိုးဟာ SNLD ဥက္ကဋ္ဌ ခွန်ထွန်းဦးတို့နဲ့အတူ ၂၀၀၃ ခု ဖေဖော်ဝါရီ (၉) ရက်မှာဖမ်းဆီးခံခဲ့ရပါတယ်။ စိုင်းညီမိုးမှာ လိပ်ခေါင်းရောဂါရှိနေပြီး အကျဉ်းထောင်တွင်း ဆေးကုခွင့်မရတဲ့အတွက် အခြေနေ ဆိုးသွား တာလို့ ၁၉၉၀ ရွေးကောက်ပွဲမှာ ဒုတိယအမတ်နေရာအများဆုံးရခဲ့တဲ့ ရှမ်းအဖွဲ့ချုပ်က စိုင်း လိတ်က ပြောပါတယ်။ "အခုထောင်ထဲလည်းရောက်ရော အစားအသောက် အဆင်မပြေတာနဲ့ရော၊ ဆေးဝါးအဆင် မပြေတာနဲ့ရော အခု လိပ်ခေါင်းကနေ သွေးဝမ်းသွားနေတယ်။ အဲဒီသွေးဝမ်းသွားနေတဲ့ကိစ္စက တော်တော်လေး ဆိုးနေတာကြောင့်မို့လို့ မိသားစုကလည်းစိုးရိမ်နေကြတယ်။"

ကျန်းမာရေးအခြေနေဆိုးနေတဲ့ စိုင်းညီမိုးကို အိုင်စီအာစီ နိုင်ငံတကာကြက်ခြေနီအဖွဲ့ရဲ့ အကူ အညီ အမြန်ဆုံးလိုအပ်ပါတယ်လို့လည်း စိုင်းလိတ်က ပြောပါတယ်။ "ထောင်ထဲရဲ့ ဆေးမှူးတွေ၊ ဆရာဝန်ရဲ့ ဆေးဝါးကုသချက်လည်းလိုအပ်သလို ICRC ရဲ့ဝင်ပြီး တော့ တွေ့ဆုံဆွေးနွေးရေးကို ကူညီပေးတာကိုလည်း လိုအပ်နေတယ်။

အဲဒါကြောင့်မို့လိုICRCအနေနဲ့ အမြန်ဆုံးဝင်ရောက်တွေ့ဆုံ ပြီးတော့မှ အကူအညီတွေပေးနိုင်ဖို့ ကျတော်တို့ မျှော်လင့်နေပါတယ် ခင်ဗျာ။"

အသက်အရွယ်လည်းကြီးပြီဖြစ်တဲ့ ဗိုလ်ချုပ်ဆေထင်နဲ့ အဆစ်အမြစ်ရောင်ရောဂါရှိတဲ့ ခွန်ထွန်း ဦးတို့ဟာ ရာသီဥတုဆိုးတဲ့ထောင်တွေဆီလည်း အပို့ခံထားရတာကြောင့် ကျန်းမာရေးအခြေနေ သိပ်မ ကောင်းဘူးလို့ စိုင်းလိတ်က ပြောပါတယ်။ "ပူတာအိုကတော့ ဒီ နိုဝင်ဘာလ ကနေ စ ပြီးတော့ဖေဖော်ဝါရီလအထိ တော်တော်လေးအေး ပါ တယ်ခင်ဗျ။ အဲဒါကြောင့်မို့လို့ဦးခွန်ထွန်းဦးအနေနဲ့လည်းပဲ နဂိုက ဂေါက်ရောဂါရှိတယ်ဆိုတော့ နေရ ထိုင်ရတာ ဘယ်လိုမှအဆင်မပြေပါဘူး ၊ မနက်မနက်ကျရင် လမ်းလေးဘာလေးထလျှောက်ပေ့ါလေ၊ ဒါကလည်း

အချိန်ကအကန့်အသတ်ဆိုတော့ သူ့ကျန်းမာရေးအနေအတွက် တော်တော်လေးကို စိုးရိမ် ရတဲ့အနေအထားမှာရှိပါတယ်။ အသက်ကလည်းကြီးပြီလေ။" မြန်မာစစ်အစိုးရက ၂၀၀၃ ခုနှစ် ပြည်ထောင်စုနေ့မတိုင်မီမှာ ဖမ်းဆီးပြီး ထောင်ဒဏ် (၇၅) နှစ်ကနေ (၁၀၆) နှစ်အထိ ချမှတ်ခံထားသူတွေကတော့ ပူတာအိုထောင်ရှိ ခွန်ထွန်းဦး၊ ခန္တီးထောင်ရှိ ဗိုလ်ချုပ်ဆေထင်၊ ကလေးထောင်ရှိ စိုင်းညွန့်လွင်၊ ကျောက်ဖြူထောင်ရှိ စိုင်းလှအောင်၊ ဘူးသီးတောင် ထောင်ရှိ စိုင်းထွန်းညို၊ မြင်းခြံထောင်ရှိ စိုင်းမျိုးဝင်းထွန်းနဲ့ ပခုက္ကူထောင်ရှိ စိုင်းညီမိုးတို့ဖြစ်ပါတယ်။ ရှမ်းခေါင်းဆောင်တဦးဖြစ်တဲ့ စိုင်းမြင့်သန်းကတော့ သံတွဲထောင်မှာ ကျခံနေရစဉ် ကျန်းမာရေး ဆိုးလာပြီး မနှစ်က သေဆုံးသွားရပါတယ်။ ■

# နအဖတပ်များနှင့် တိုင်းရင်းသားအဖွဲ့များ တိုက်ပွဲဖြစ်နေတိုင်းရင်းသားများ ထွက်ပြေးနေရချိန် နအဖဗိုလ်ချုပ်များ ဂေါက်သီးရိုက်မပျက်

**ဒီဗွီဘီ၊ ၁၀၊ ဒီစင်ဘာ၊ ၂၀၀၇**

နအဖတပ်များနှင့် တိုင်းရင်းသားအဖွဲ့များ တိုက်ပွဲဖြစ်နေ တိုင်းရင်းသားများ ထွက်ပြေးနေရချိန် နအဖဗိုလ်ချုပ်များ ဂေါက်သီးရိုက်မပျက် ဒီဗွီဘီ၊ ၁၀ ဒီဇင်ဘာ ၂၀၀၇ ထက်အောင်ကျော် နယ်စပ်ဒေသမှာ မြန်မာစစ်အစိုးရတပ်တွေနဲ့ တိုင်းရင်းသား လက်နက်ကိုင်တွေအကြား တိုက်ပွဲတွေ ပြင်းထန်လာနေပါတယ်။ အခုလ (၆) ရက်မှာ ကေအန်အယ်လ်အေ ကရင် အမျိုးသား လွတ်မြောက်ရေးတပ်မတော်နဲ့ နအဖစစ် တပ်တို့ တိုက်ပွဲဖြစ်ပြီး နအဖဘက်က တပ်ခွဲမှူးတဦးအပါဝင် အနည်းဆုံး (၁၀) ဦးသေဆုံးသွားတယ်လို့ ကေအန်ယူကပြောပါတယ်။

(၇) ရက်နေ့မှာ နအဖနဲ့ အက်စ်အက်စ်အေ ရှမ်းပြည်တပ်မတော်တို့ တိုက်ပွဲဖြစ်ပြီး နအဖဘက်က အနည်းဆုံး (၄) ဦးသေဆုံးတယ်လို့ အက်စ်အက်စ်အေက ပြောပါတယ်။ ဒီတိုက်ပွဲတွေကြောင့် ကရင်နဲ့ ရှမ်းတိုင်းရင်းသားတွေ အိုးအိမ်စွန့်ပြီး နယ်စပ်ဒေသတွေကို ထွက်ပြေး လာနေရတယ်လို့ ဒီနေ့ကျရောက်တဲ့ လူ့အခွင့်ရေးနေ့မှာ အဲဒီအဖွဲ့တွေက ကြေညာချက်ထုတ်ပြန် ပါတယ်။

ဒီမိုကရေစီလှုပ်ရှားသူတွေ၊ နိုင်ငံတကာခေါင်းဆောင်တွေက လူ့အခွင့်ရေးနေ့မှာ လူ့အခွင့်ရေးကာကွယ်ပေးဖို့ တောင်းဆိုနေပေမယ့် နေပြည်တော်ရှိ စစ်ဗိုလ်ချုပ်ကြီးတွေကတော့ ဂေါက်သီးရိုက် ပြိုင်ပွဲကျင်းပနေပြီး နအဖဒု–ဥက္ကဋ္ဌ ဒု–ဗိုလ်ချုပ်မှူးကြီးမောင်အေး ကိုယ်တိုင် ဂေါက်သီးရိုက် နေတာကို မျက်နှာဖုံးသတင်းအဖြစ် စစ် အစိုးရ သတင်းစာတွေမှာ ဖော်ပြထားပါတယ်။■




၂၀၀၆ ခုနှစ်၊ အမျိုးသားအောင်ပွဲနေ့ ဓါတ်ပုံ



" ဤစာစောင်အား မြန်မာပြည် လူထုလှုပ်ရှားမှုတိုက်ပွဲအတွက် ထပ်ဆင့်ကူးယူဖြန့်ချိသူများအား အထူးကျေးဇူးတင်ပါသည်။ "